မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၆၇)၊ အမှတ် (၁၀၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဂေါက်ကွင်း (Naypyitaw Golf Course) ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ ပါဝင်ဆင်နွှဲသည်။

တက်ရောက်

ရှေးဦးစွာ ၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၆ နာရီက ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေး ဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၆ သင်း တို့မှ ဂေါက်သီးရိုက်အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က Tracer Ball ကို ရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်သည်။

စတင်ယှဉ်ပြိုင်

ထို့နောက် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၀၇-၂၀၀၈ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းအညွှန်း

* အာရှနွယ်ဖွား အမေရိကန်နိုင်ငံသား မဲဆန္ဒရှင်များ ရွေးကောက်ပွဲမဲထည့်ရာတွင် ခွဲခြားဆက်ဆံခံကြရ — စာ-၄
* နီပေါ၌ ဧပြီလတွင် ရွေးကောက်ပွဲကျင်းပမည် — စာ - ၅
* ကင်ညာ၌ နိုင်ငံရေးအကျပ်အတည်း ပိုမိုတင်းမာ — စာ - ၆
* ဘလက်ဝါးတား လုံခြုံရေးတို့၏လက်ချက်ဖြင့် အီရတ်အရပ်သား ၁၇ ဦး သေဆုံးခဲ့ရမှု — သတင်းအက်ဆေး — စာ - ၇

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်)

ရေ၊ မြေ၊ သဘာဝအခြေခံကောင်းများ အသုံးပြု ပြည်ပဈေးကွက်ဝင်ရော်ဘာ တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ ရေ၊ မြေရာသီဥတုသည် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများက မိုးစပါး၊ နွေစပါးနှင့် ဈေးကွက်ဝင်သီးနှံများကို ပိုမိုစိုက်ပျိုးလျက်ရှိရာ နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုနေသည်။ ရော်ဘာသည် အဓိက စက်မှုကုန်ကြမ်းများတွင်ပါဝင်ပြီး စီးပွားဖြစ်စိုက်ပျိုးသင့်သော နှစ်ရှည်ပင်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ၁၈၇၆ခုနှစ်ကတည်းက ရော်ဘာကိုစတင်စိုက်ပျိုးခဲ့သည်။ ၁၉၆၂–၁၉၆၃ ခုနှစ်အထိ ဧရိယာတစ်သိန်းရှစ်သောင်းကျော် စိုက်ပျိုးခဲ့သည်။

၁၉၈၈ခုနှစ် နောက်ပိုင်းတွင် လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ခွင့်ပြုခြင်းကြောင့် ရော်ဘာစိုက်ပျိုးမှုဧရိယာ မြင့်မားလာသည်။ ၂၀၀၆–၂၀၀၇ခုနှစ်တွင် ရော်ဘာနှစ်သိန်းနီးပါး လျာထားစိုက်ပျိုးခဲ့ရာ ဧကနှစ်သိန်းကျော်ရှိလာပြီဖြစ်သည်။ အထူးသဖြင့် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိသည်။

မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံးစိုက်ပျိုးသည့် ဒေသဖြစ်သည်။ ယခုအခါ ပုဂ္ဂလိက ရော်ဘာစိုက်တောင်သူများနှင့် တိုင်းရင်းသားစိုက်ပျိုးရေးလုပ်ငန်းရှင်များကပါ နိုင်ငံတစ်ဝန်း၌ အင်တိုက်အားတိုက် စိုက်ပျိုးလုပ်ကိုင်နေပြီဖြစ်သည်။

ရော်ဘာစေးသည် မော်တော်ကားတာယာများ၊ ပန်ကာကြိုးနှင့် အခြားစက်မှုလုပ်ငန်းများတွင် အသုံးများသော စက်မှုကုန်ကြမ်းဖြစ်သည်။ နိုင်ငံတကာတွင် စက်မှုလုပ်ငန်းများ ထုတ်ကုန်တိုးမြင့်လာသဖြင့် ရော်ဘာလိုအပ်ချက် မြင့်မားလာသည်။ ထို့အပြင် ရော်ဘာပင်အိုများကို ခုတ်လှဲ၍ ပရိဘောဂများ ပြုလုပ်ရာတွင် အသုံးပြုလာကြသည်။

မြန်မာ့ရော်ဘာကို တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ နှစ်စဉ်တန်ချိန်သုံးသောင်းခန့် တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရော်ဘာအများအပြား ဝယ်ယူသုံးစွဲသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံက ရော်ဘာအဓိကတင်ပို့ရာ နိုင်ငံလည်းဖြစ်သည်။

သို့ဖြစ်ရာ တောင်သူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ဒေသ၏ရေ၊ မြေ၊ သဘာဝ အခြေခံကောင်းများကို အသုံးပြုပြီး ပြည်ပဈေးကွက်ဝင်ရော်ဘာကို ပိုမိုတိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမို မြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံ ဇန်နဝါရီ ၁၅ ရက်၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ရက်(အင်္ဂါနေ့)နံနက် ၈နာရီသို့ ရက်ပြောင်းလဲကျင်းပမည်ဖြစ်၍ ဖိတ်ကြားထားသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များနှင့် အသင်းဝင်များသည် နံနက် ၇ နာရီခွဲအရောက် နေရာယူပြီးဖြစ်ရန် ကျင်းပရေးဦးစီးကော်မတီက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(က–ပ)**

မြဝတီရုပ်မြင်သံကြား

၁၃–၁–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အချစ်ဥပဒေ**
- ၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၅ ၁၂။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း–၂၆)
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း–၂၈)

အုတ်ဖိုမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ရွှေဘိုတန်းတံတားဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် နန္ဒွင်းကုန်းအုပ်စု ရွှေဘိုတန်းတံတားဖွင့်ပွဲ အခမ်းအနားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ၂၄ရက် နံနက်၉နာရီက ရွှေဘိုတန်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တံတားဖြစ်မြောက်ရေးကော်မတီနာယက ရွှေဘိုတန်းဆရာတော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်အေးတို့က သြဝါဒအမှာစကား ပြောကြားကြပြီး တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရွှေဘုတ်နှင့် အတွင်းရေးမှူးဦးကျော်လင်းတို့က ရှင်းလင်းတင်ပြကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တံတားဖြစ်မြောက်ရေးကော်မတီနာယက ရွှေဘိုတန်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်အေးနှင့် ကော်မတီဥက္ကဋ္ဌဦးရွှေဘုတ်တို့က ကိုယ့်အားကိုယ်ကိုး ရွှေဘိုတန်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** (၀၇၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၈(တနင်္ဂနွေနေ့)

AM & PM

- ၇:၀၀ – ၁:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ – ၁:၀၅ **မမေ့အပ်တဲ့လေးဌာန** တရားတော် (အပိုင်း–၂) (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၇:၅၀ – ၁:၅၀ Soccer Update
- ၈:၀၅ – ၂:၀၅ တေးဂီတအစီအစဉ်
- ၈:၁၀ – ၂:၁၀ Sunday Talk[မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၉:၀၅ – ၃:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀ – ၃:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀ – ၃:၂၀ ပန်းမြို့တော်မှ ဆီမီးမြိုင်တဲ့ လတန်ဆောင်တိုင်
- ၉:၄၅ – ၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၀ – ၃:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ – ၃:၅၅ မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
- ၁၀:၁၀ – ၄:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၅ – ၄:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ – ၄:၂၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ ဒို့အတူ (နွားမွေးမြူရေး)
- ၁၀:၃၅ – ၄:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၅ – ၄:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ – ၄:၅၀ စိုပြည်စိမ်းလန်း တောင်ကုန်းထက်မှ ခရီးသွားစခန်း
- ၁၁:၁၅ – ၅:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀ – ၅:၂၀ မှုးယစ်ကင်းစင်လူ့ဘောင် တစ်ခွင် MANA ၏ ရည်မှန်းချက်ပန်းတိုင် အသွင် (ပထမပိုင်း)
- ၁၁:၃၅ – ၅:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ – ၅:၄၀ Euro Goals
- ၁၂:၁၀ – ၆:၁၀ တေးဂီတအစီအစဉ်
- ၁၂:၁၅ – ၆:၁၅ အနှိုင်းမဲ့ပီတိလှိုင်တဲ့ပွဲ
- ၁၂:၃၀ – ၆:၃၀ နိုင်ငံတကာအနုပညာရေးရာ
- ၁:၀၀ – ၇:၀၀ MRTV-4အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၅၅	Sunderland-Portsmouth	ESPN (Live)
၁၀:၂၅	Bolton -Blackburn	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Cagliari-Udinese	5-Cartoons (Live)
၂:၀၀	AC Milan-Napoli	5-Cartoons (Live)

လှိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၇–၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် စာပေထူးချွန်ဆုရ သတ္တမတန်းမှ မအိခိုင်ဇင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်ကြည်ကြည်ခင် ဆုချီးမြှင့်စဉ်။ (က–ပ)

အမှတ် ၄၅၅ သုမနလမ်း ၁၆ ရပ်ကွက် အပိုင်း ၃ သဃ်ာန်းကျွန်းမြို့နယ်နေ ဦးမြသိန်း–ဒေါ်ခင်ဝင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေး ရုံ ကြီး သို့ ထာဝရ ဆေးပဒေသာပင် အလှူငွေ ကျပ် တစ် သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။

(က–ပ)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

(၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် အသင်းအမှုဆောင်များထံသို့ဖြစ်စေ၊ ဒေါ်နီနီ (ဦးစီးအရာရှိ) စီမံရေးရာ ဆည်မြောင်းရုံးချုပ်(ရန်ကင်း) ဖုန်း–၅၇၈၁၂၀ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဂေါက်သီးရိုက်ဖွင့်လှစ်ပေး

ဇန်နဝါရီ ၁၂ ရက်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် Tracer Ball ကို ရိုက်၍ ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

သီလရှိသော ပညာရှိစိတ်ထား

- ပညာရှိတို့မည်သည် မကောင်းမှုကို မပြု။
- မကောင်းသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းဥစ္စာကို အလိုမရှိရာ။
- မတရားသဖြင့် မိမိ၏ စည်းစိမ်ချမ်းသာပြည့်စုံခြင်းကို အလိုမရှိရာ။
- သီလနှင့် ပညာရှိသောသူသည် တရားသောအမှုကိုသာ ပြုတတ်၍ သူတော်ကောင်းမည်၏။

(ဓမ္မပဒ ၈၄)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု တာချီလိတ်တွင် လမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ရတနာလမ်း ဆန်ဆိုင်း(ခ)ရပ်ကွက် အမှတ်၁၀လမ်းနှင့် ဟံသာဝတီလမ်းများ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ရတနာလမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူက မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ရတနာလမ်း၊ အမှတ် ၁၀ လမ်း၊ ဟံသာဝတီလမ်းများနှင့် သက်ဆိုင်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူတို့က လမ်းသစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး လမ်းသစ်မုခ်ဦးအား တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်ကစက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ လမ်းသစ်ကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဆန်ဆိုင်း (ခ)ရပ်ကွက် အမှတ်၁၀လမ်းနှင့် ဟံသာဝတီလမ်းများဖွင့်ပွဲ အခမ်းအနားများကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သိရသည်။**(ဝ၁၆)**

ပစ္စည်းဝယ်ယူရေးစာချုပ် လက်မှတ်ရေးထိုးပွဲ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇန်နဝါရီ ၁၀ ရက်က နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunan Machinery&Equipment Import & Export Co.,Ltd. (YMEC) တို့ ပစ္စည်းများ ဝယ်ယူရေး စာချုပ်ချုပ်ဆို လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ရှေ့နေချုပ်ဦးအေးမောင်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားပြီး Yunan Machinery&Equipment Import & Export Co.,Ltd. (YMEC)မှ ဒုတိယဥက္ကဋ္ဌ Mr.Gao Chong Yun က ကျေးဇူးတင်စကားပြောကြားသည်။

အပြန်အလှန်လဲလှယ်

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် YMEC မှ ဒုတိယဥက္ကဋ္ဌ Mr. Gao Chong Yun တို့က စာချုပ်များတွင် အသီးသီးလက်မှတ်ရေးထိုးကြပြီး စာချုပ်များအား အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

ပြည်မြို့ ဝက်ထီးကန် နှောကန်ရပ်နေ ဦးအုန်းရွှေအားရည်စူး၍ ဦးဘိုတင်–ဒေါ်ခင်ကြည်၊ သမီး မမြင့်မြင့်သန်း၊ မမြင့်မြင့်၊ ကိုဖိုးနီ–မနွယ်နွယ်စိုး၊ သား ကိုချမ်းလင်းထက်တို့က လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ငွေကျပ်ဆယ်သိန်း ငွေပဒေသာပင်စိုက်ထူလှူဒါန်းရာတွင် ကျောင်းအုပ်ဒေါ်ယုယုဆွေ **(ဝဲပုံ)**က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကြည့်မြင်တိုင် မျက်မမြင်ကျောင်း မင်္ဂလာဆိုင်းအဖွဲ့မှ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ်
ဇန်နဝါရီလအတွက်
၁၃–၁–၂၀၀၈ရက်နေ့
နှင့်
၂၇–၁–၂၀၀၈ရက်နေ့

အာရှနွယ်ဖွား အမေရိကန်နိုင်ငံသားမဲဆန္ဒရှင်များ ရွေးကောက်ပွဲမဲထည့်ရာတွင် ခွဲခြားဆက်ဆံခံကြရ

ဝါရှင်တန် ဇန်နဝါရီ ၁၂

အမေရိကန်ပြည်ထောင်စု၌ ၂၀၀၆ ခုနှစ်က ကျင်းပသည့် သက်တမ်းဝက်ရွေးကောက်ပွဲအတွင်း အာရှနွယ်ဖွား အမေရိကန်နိုင်ငံသားများကို မဲရုံတာဝန်ရှိသူများက ခွဲခြားဆက်ဆံကြောင်း သက်တမ်း ၃၄ နှစ်ရှိ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် အေအေအယ်လ်ဒီအီးအက်ဖ်က ထုတ်ဖော်ကြေညာသည်။

ထုတ်ဖော်

ရွေးကောက်ပွဲကျင်းပစဉ် အမေရိကန်မြို့ကြီး ၂၅ မြို့မှ အာရှနွယ်ဖွား အမေရိကန်နိုင်ငံသား ၄၇၀၀ တို့ကို မဲအခြေအနေခန့်မှန်းရန်အတွက် မဲမပေးမီ တွေ့ဆုံမေးမြန်းမှုတို့ကိုအခြေခံပြီး အဆိုပါ လူ့အခွင့်အရေးအဖွဲ့က အထက်ပါအတိုင်း ယခုလို ထုတ်ဖော်လိုက်ခြင်းဖြစ်သည်။

ရိုင်းရိုင်းပျပျ

ထိုစဉ်က မဲရုံတာဝန်ရှိသူများသည် အာရှနွယ်ဖွား အမေရိကန်နိုင်ငံသားများအပေါ် ရိုင်းရိုင်းပျပျဆက်ဆံကြောင်း၊ အထူးသဖြင့် အင်္ဂလိပ်စကားရေရေလည်လည်မပြောနိုင်သည့် အာရှနွယ်ဖွားများအပေါ် ယင်းသို့ ဆက်ဆံခြင်းဖြစ်သည်။

တိုင်ကြား

ထိုကိစ္စနှင့်ပတ်သက်၍ အာရှနွယ်ဖွား အမေရိကန်နိုင်ငံသား မဲဆန္ဒရှင် ၅၉ဦးက ကန့်ကွက်တိုင်ကြားထားသည်။

ဥပဒေချိုးဖောက်

၎င်းအပြုအမူများမှာ အာရှဆန့်ကျင်ရေးသဘောထားကိုပြသခြင်းဖြစ်ပြီး မဲပေးပိုင်ခွင့် ဥပဒေနှင့် အမေရိကန်ဆန္ဒမဲပေးမှု ကူညီရေးဥပဒေတို့ကို ချိုးဖောက်ခြင်းဖြစ် သည်ဟု အေအေအယ်လ်ဒီအီးအက်ဖ် လူ့အခွင့်အရေးအဖွဲ့က စွပ်စွဲလိုက်သည်။ (အင်တာနက်)

ဒီမိုကရက်တစ်ပါတီ အကြိုသမ္မတရွေးကောက်ပွဲတွင် ဟီလာရီကလင်တန် နယူးဟမ်းရှိုင်းယားပြည်နယ်၌ မဲဆွယ်နေစဉ်။

(အင်တာနက်ဓာတ်ပုံ)

ထိုင်းရွေးကောက်ပွဲ၌ မဲလိမ် မဲလိမ်ခဲ့သည့်အမတ်များ အရွေးခံရမှုမှပယ်ဖျက် မရိုးမသားလုပ်မှုများ ဆက်လက်ဖော်ထုတ်မည်

ဗန်ကောက် ဇန်နဝါရီ ၁၂

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သော ထိုင်းရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် ပြည်သူ့အာဏာပါတီ (ပီပီပီ)မှ အမတ်အချို့၏ရွေးကောက်ပွဲ၌ မဲလိမ်ခဲ့မှုများကို ထိုင်းရွေးကောက်ပွဲကော်မရှင်က ဇန်နဝါရီ ၁၂ရက်၌ ဆက်လက်ထုတ်ဖော်လိုက်သည်။

စစ်ဆေး

ပီပီပီပါတီမှ ရွေးချယ်ခံထားရသော အမတ်တစ်ဦးဖြစ်သည့် ပရာဆော့ပ်ဘူဆာရာခမ်သည် ၎င်းယှဉ်ပြိုင်အရွေးခံခဲ့သော အူဒွန်သာနီ ပြည်နယ်၌ ရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် မဲများကိုမရိုးမသားလုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ထိုင်းရွေးကောက်ပွဲကော်မရှင်(အီးစီ)က သတင်းထုတ်ပြန်သည်။

အရွေးခံ

ထို့ကြောင့် ပရာဆော့ပ်ဘူဆာရာခမ်အား ရွေးချယ်ခံရသော အမတ်အဖြစ်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်း အီးစီက ပြောကြားခဲ့သည်။ ထို့အပြင် ပီပီပီပါတီမှ အရွေးခံထားရသော အမတ်အချို့၏ မဲလိမ်မှုများကို ဆက်လက်ဖော်ထုတ်သွားမည်ဟု အီးစီက ဆက်လက်ပြောကြားသည်။

ရွေးချယ်

ထိုင်းရွေးကောက်ပွဲ၌ ပါလီမန်အမတ် ၄၈၀တွင် ပီပီပီ ပါတီမှ အမတ် ၂၃၃နေရာ ရွေးချယ်ခံခဲ့ရသည်။ ထို့အတူ ဒီမိုကရက်ပါတီက ၁၆၅နေရာ၊ ချက်ထိုင်းပါတီက ၃၇ နေရာနှင့် အခြားပါတီငယ်အချို့က အမတ်နေရာအနည်းငယ် အသီးသီးရရှိခဲ့သည်။

(အင်တာနက်)

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်၌ ဇန်နဝါရီ ၁၁ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်မြင်ကွင်း။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ကနေဒါနိုင်ငံသားတစ်ဦး ထိုင်း၌ သေနတ်ပစ်ခတ်ခံရ၍ သေဆုံး

ဗန်ကောက် ဇန်နဝါရီ ၁၂

ထိုင်းနိုင်ငံတောင်ပိုင်းမြို့တွင် ကနေဒါနိုင်ငံသားတစ်ဦးကိုသတ်ခဲ့ပြီး ၎င်း၏ မိန်းကလေး မိတ်ဆွေတစ်ဦးအား သတ်ရန်ကြိုးစားခဲ့သူ ထိုင်းရဲတပ်ဖွဲ့ဝင်တစ်ဦးအား အခြားရဲစခန်းတစ်ခုသို့ ပြောင်းရွှေ့ခဲ့ကြောင်း ရဲအဖွဲ့က ဇန်နဝါရီ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။

တာဝန်ပြောင်းရွှေ့

အဆိုပါ ပြစ်မှုကိုကျူးလွန်ပြီး ရဲအဖွဲ့ထံအဖမ်းခံခဲ့သူ တပ်ကြပ်ကြီး အူတိုင်းဒီချာဝိဝက်ကို ပြန်လွှတ်ပေးခဲ့ပြီးနောက်ပိုင်း မြို့၏မြောက်ဘက် ကီလိုမီတာ ၇၀အကွာရှိ ပန်မာပါမြို့သို့ တာဝန်ပြောင်းရွှေ့ချထားခဲ့ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

ဖျန်ဖြေ

မျက်မြင်သက်သေများ၏ ပြောကြားချက်အရ အသက် ၂၅ နှစ်အရွယ်ရှိ ဂျွန်လီယိုအယ်လ်ပင်တိုနှင့် အမျိုးသမီးမိတ်ဆွေဟောင်းဖြစ်သည့် အသက် ၂၄နှစ်အရွယ်ရှိ ကာလီရီဆစ်ဂ်၊ ထိုင်းအမျိုးသားတစ်ဦးတို့ သုံးပွင့်ဆိုင်ရန်ပွဲကို အူတိုင်းက ဝင်ရောက်ဖျန်ဖြေရာမှ အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘူတိုလုပ်ကြံခံရမှု ကုလသမဂ္ဂစစ်ဆေးရေး ပါကစ္စတန်သမ္မတမူရှာရက်ဖ်ပယ်ချ

အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁၂

အတိုက်အခံခေါင်းဆောင် ဘာနာဇီယာဘူတိုလုပ်ကြံခံရမှုအတွက် ကုလသမဂ္ဂက စုံစမ်းစစ်ဆေးပေးရေးကို ပါကစ္စတန်သမ္မတပါဗက်ဇ်မူရှာရက်ဖ်က ပယ်ချလိုက်သည်။ ဘူတိုလုပ်ကြံခံရမှု၏ စစ်ဆေးတွေ့ရှိချက်များကို ဖေဖော်ဝါရီလ ရွေးကောက်ပွဲမတိုင်မီ ထုတ်ပြန်ကြေညာနိုင်မည်ဟု မျှော်လင့်ကြောင်း သမ္မတမူရှာရက်ဖ်က ပြောဆိုသည်။

ပြောဆို

မီးစ်ဘူတို၏သား ဘီလာဝါးက သူ့မိခင်လုပ်ကြံခံရမှုကို ကုလသမဂ္ဂက စုံစမ်းစစ်ဆေးပေးရန် ထပ်မံတောင်းဆိုလိုက်သည်။ ပါကစ္စတန်အစိုးရ၏ စုံစမ်းစစ်ဆေးမှုမှာ ပွင့်လင်းမှုရှိမည်ဟု သူ့မိသားစုနှင့် ပါကစ္စတန်ပြည်သူ့ပါတီတို့က မယုံကြည်ကြောင်း ဘီလာဝါးက ပြောဆိုသည်။

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်။

(အင်တာနက်ဓာတ်ပုံ)

ပယ်ချ

သမ္မတမူရှာရက်ဖ်က ပြင်သစ်သတင်းစာ လီဖီဂါနှင့် သောကြာနေ့က တွေ့ဆုံမေးမြန်းခန်းတွင် ပါကစ္စတန်နိုင်ငံကို လက်ဘနွန်နိုင်ငံနှင့် မနှိုင်းသင့်ကြောင်းပြောဆိုကာ ကုလသမဂ္ဂဝင်ရောက်စစ်ဆေးစုံစမ်းရေးကို ပယ်ချလိုက်သည်။

လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ရာဖစ်ဟာရီရီ လုပ်ကြံခံရမှုတွင် ကုလသမဂ္ဂမှ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အကူအညီ

ဘာနာဇီယာဘူတို လုပ်ကြံခံရမှုကို စုံစမ်းစစ်ဆေးရန် ပါကစ္စတန်နိုင်ငံတွင် ကိုယ်ပိုင်အဖွဲ့အစည်းများရှိထားသည့်ပြင် ဗြိတိန်ရဲတပ်ဖွဲ့အကူအညီကို ရရှိမည်ဖြစ်ကြောင်း သမ္မတမူရှာရက်ဖ်က ရှင်းလင်းပြောဆိုသည်။

ကျင်းပမည်

မည်သို့ပင်ဖြစ်စေ ဖေဖော်ဝါရီ ၁၈ ရက်သို့ ရက်ရွှေ့ထားသည့် ပါလီမန်ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ကျင်းပသွားမည်ဟုလည်း ၎င်းက ထည့်သွင်းပြောဆိုသည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ နှစ်မကုန်မီ ရွေးကောက်ပွဲ ကျင်းပမည်

ဒါကာ ဇန်နဝါရီ ၁၂

ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရသည် ဖိအားပေးမှုများကြောင့် ပြဿနာများနှင့် ကြုံတွေ့နေရသော်လည်း ယခုနှစ်မကုန်မီ အခက်အခဲများကြားမှ ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးမည်ဟု ကတိပေးခဲ့ကြောင်း သတင်းများ၌ ဖော်ပြသည်။

စိန်ခေါ်မှုများကြောင့် အလွန်ပင်ခက်ခဲကြောင်း၊ သို့သော်လည်း နိုင်ငံအုပ်ချုပ်ရေးတာဝန်ကို ယူခဲ့ရသည့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ကတည်းက အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ နိုင်ငံရေး အကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံရေးဝေဖန်ဆန်းစစ်သူများက ပြောကြားသည်။

ဝေဖန်ဆန်းစစ်

ဘင်္ဂလားဒေ့ရှ်ဘဏ်ဥက္ကဋ္ဌဟောင်း ဖတ်ရပ်ဒင်အာမက် ဦးဆောင်သော ကြားဖြတ်အစိုးရအဖွဲ့ကို ဇန်နဝါရီ ၁၁ ရက်က ဝန်ကြီးအဆင့်ရှိ အကြံပေး ပုဂ္ဂိုလ် ၁၁ ဦးဖြင့် တာဝန်ပြောင်းပေးပြီး ပြန်လည်ဖွဲ့စည်းခဲ့သည်။ ပြီးခဲ့သည့်ရွေးကောက်ပွဲများတွင် ရှုံးနိမ့်ခဲ့သောပါတီများ၏ တရားမဝင်မဲလိမ်မှုများနှင့် ကန့်ကွက်ချက်များကြောင့် ရွေးကောက်ပွဲပျက်ပြားခဲ့ရကြောင်း၊ ယင်းကို သင်ခန်းစာယူလျက် ယခုနှစ်မကုန်မီတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်မှုသည် အခက်ခဲဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း နိုင်ငံရေး ဝေဖန်ဆန်းစစ်သူများက ဆိုသည်။

အမ်အင်န်အေ၊ ရိုက်တာ

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်မကျေနပ် နိုင်ငံတစ်ဝန်း သုံးရက်ကြာ ကန့်ကွက်ဆန္ဒပြကြရန် အတိုက်အခံခေါင်းဆောင် တိုက်တွန်းဆော်သြ

နိုင်ရိုဘီ ဇန်နဝါရီ ၁၂

ကင်ညာနိုင်ငံ၌ ဒီဇင်ဘာ၂၇ရက်က ပြုလုပ်ခဲ့သော ရွေးကောက်ပွဲရလဒ်အပေါ် ကျေနပ်မှုမရှိ၍ အဓိက အတိုက်အခံခေါင်းဆောင်က လာမည့် သီတင်းပတ်တွင် နိုင်ငံတစ်ဝန်း သုံးရက်ကြာ အင်တိုက်အားတိုက်ဆန္ဒပြကြရန် တိုက်တွန်းဆော်သြလိုက်သည်။

ကင်ညာအတိုက်အခံခေါင်းဆောင်များ

အတိုက်အခံခေါင်းဆောင် အိုဒင်ဂါနှင့် ၎င်း၏ လိမ္မော်ရောင်ဒီမိုကရက်တစ် လှုပ်ရှားမှုအဖွဲ့က လာမည့်သီတင်းပတ် အတွင်း ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ သုံးရက်ကြာ မြို့ကြီး မြို့ငယ် ၂၅မြို့တို့၌ ဆန္ဒပြပွဲများ ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။

အရေးယူပိတ်ဆို့

အဆိုပါရွေးကောက်ပွဲ အငြင်းပွားမှုနှင့်ပတ်သက်၍ အစိုးရက နိုင်ငံတကာ ကြားဝင်ဖျန်ဖြေပေးသူများနှင့် တွေ့ဆုံဆွေးနွေးရန် စိတ်ဝင်စားမှုမရှိဟု ဆိုသည်။ အတိုက်အခံပါတီကလည်း ယင်းကိစ္စအတွက် အရေးယူပိတ်ဆို့သွားရန် ဆော်သြထားသည်။

ခွင့်ပြုမည်မဟုတ်

ကင်ညာရဲတပ်ဖွဲ့က တန်းစီဆန္ဒပြမှုများကို ခွင့်ပြုမည်မဟုတ်ကြောင်း ချက်ချင်းတုံ့ပြန်ကြေညာလိုက်သည်။

ဆန္ဒပြမှုများသည် အကျိုးမရှိသော လုပ်ရပ်သာဖြစ်လိမ့်မည် ဖြစ်ကြောင်း ရဲချုပ် မိုဟာမက်ဟူစိန်က သတင်းထောက်များအား ပြောကြားခဲ့သည်။

(အင်တာနက်)

အာဖဂန်နစ္စတန် တောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ကဘူးလ် ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း၌ ဇန်နဝါရီ ၉ရက်က မိုင်းဗုံးပေါက်ကွဲမှုကြောင့် နေတိုး ဦးဆောင်သော နိုင်ငံစုံ လုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်

လွန်ခဲ့သော နှစ်အနည်းငယ်ကတည်းက တာလီဘန် တိုက်ခိုက်ရေးသမားများ၏ အကြမ်းဖက်မှုနှင့် လမ်းဘေးဗုံး ပေါက်ကွဲခြင်း တို့ကြောင့် အာဖဂန်ရှိ ရာပေါင်းများစွာသော ပြည်သူများ သေဆုံးခဲ့ရခြင်းနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

သေဆုံး

အာဖဂန်နစ္စတန် အရှေ့ပိုင်း၌ ဇန်နဝါရီ ၇ရက်တွင် ညွှန့်ပေါင်းတပ်ဖွဲ့မှ သယ်ယူပို့ဆောင်ရေးယာဉ် ဖြတ်သန်းသွားစဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

ဖိလစ်ပိုင်၌ ကားထုတ်လုပ်ရောင်းချမှုမြင့်တက်

မနီလာ ဇန်နဝါရီ ၁၂

ဖိလစ်ပိုင်နိုင်ငံ၏ ကားထုတ်လုပ်ရောင်းချမှုသည် ၂၀၀၇ခုနှစ်က ကားစီးရေ တစ်သိန်း ရောင်းချခဲ့ရာ ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံစီးပွားရေး ဆက်လက်တိုးတက်ပြီး စီးပွားရေးတည်ငြိမ်မှုရရှိလာကြောင်း သတင်းစာများက ဇန်နဝါရီ ၁၀ရက်တွင် ရေးသားဖော်ပြသည်။

ရောင်းအားကောင်း

ယခုနှစ်တွင် ၂၀၀၇ခုနှစ်ကထက် ဆက်လက်ရောင်းအားကောင်းနိုင်ကြောင်း ဖိလစ်ပိုင် ကားထုတ်လုပ်သူများအသင်းက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါရွေးကောက်ပွဲ ဧပြီလတွင် ကျင်းပမည် ဆယ်စုနှစ်အကြာ တိုက်ခိုက်မှုများကြောင့် ပြည်သူများသေဆုံးခဲ့ရ

ခတ္တမန္ဒူ ဇန်နဝါရီ ၁၂

နီပေါနိုင်ငံ၏ အနာဂတ်ကို ဆုံးဖြတ်ချက်ချမှတ်ရန် ရွှေ့ဆိုင်းထားသော ရွေးကောက်ပွဲကို ဧပြီ ၁၀ရက်တွင် ကျင်းပသွားရန် နီပေါအစိုးရက ရက်သတ်မှတ်လိုက်သည်။

မော်ဝါဒီ သောင်းကျန်းသူဟောင်းများ ပါဝင်သော အဓိကပါတီကြီးသုံးခုမှ ခေါင်းဆောင်များ အကြား ဆွေးနွေးခဲ့ပြီးနောက် နီပေါအစိုးရဝန်ကြီးအဖွဲ့က အထက်ပါ ကြေညာချက်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ပါတီများအတွင်း သဘောထားကွဲလွဲမှုများကြောင့် နီပေါနိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများ ဤသို့ဖြစ်ပေါ်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ရွှေ့ဆိုင်းခဲ့

နီပေါနိုင်ငံ၏ ရွေးကောက်ပွဲမှာ ပါတီများအကြား သဘောထား ကွဲလွဲမှုများဖြစ်ပေါ်ခဲ့သဖြင့် လွန်ခဲ့သည့်နှစ်က နှစ်ကြိမ်တိုင် ရွှေ့ဆိုင်းခဲ့ရသည်။

သဘောတူညီ

အဆိုပါ ရွေးကောက်ပွဲကို ကျင်းပနိုင်ခြင်းမှာ ၁၀နှစ်ကြာ မော်ဝါဒီတို့၏ အကြမ်းဖက်မှု အဆုံးသတ်စေပြီး ၂၀၀၆ ခုနှစ်တွင် ငြိမ်းချမ်းရေး သဘောတူညီမှု ရရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

လာရောက်ပူးပေါင်း

ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိပြီးနောက် သောင်းကျန်းသူဟောင်းများ ကြားဖြတ်အစိုးရနှင့် လာရောက်ပူးပေါင်းခဲ့သည်။သို့သော်လည်း မော်ဝါဒီများက ငြိမ်းချမ်းရေး တိုးတက်မှုအပေါ် သံသယဖြစ်ပွားကာ စက်တင်ဘာလတွင် အစိုးရမှ ပြန်ခွဲထွက်သွားခဲ့သည်။

တောင်းဆို

ယင်းတို့ ထွက်ခွာသွားမှုကြောင့် ရွေးကောက်ပွဲမှာ အချိန်နှောင့်နှေးခဲ့ရသည်။ မော်ဝါဒီ ခေါင်းဆောင်များက နီပေါဘုရင်စနစ်ကို ချက်ချင်းဖျက်သိမ်းပေးရန် တောင်းဆိုထားသည်။

ဒီဇင်ဘာလက နီပေါနိုင်ငံ၏ အဓိက ပါတီကြီးသုံးခုသည် ဘုရင်စနစ်ကို ဖျက်သိမ်းရန် သဘောတူညီထားကြသည်။

သေဆုံးခဲ့

နီပေါနိုင်ငံ၌ အစိုးရ လုံခြုံရေးတပ်များနှင့် မော်ဝါဒီတို့အကြား ဆယ်စုနှစ်တစ်ခုအကြာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ ၁၃၀၀၀ သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

နိုင်ငံတကာမှုခင်း

လှည့်စားရက်သော ကံကြမ္မာ

ဂျက်ဆန်ဗီလီမြို့သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အရှေ့မြောက်ပိုင်းတွင်ရှိပြီး လူဦးရေ ခုနစ်သိန်းကျော်နေထိုင်ကာ ရောင်းဝယ်ဖောက်ကားမှုကောင်းမွန်သည်။ စိန့်ဂျွန်းမြစ်ကမ်းပေါ်တွင် တည်ရှိသည့် ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်သည်။ ကူးသန်းသွားလာရေးလည်း ကောင်းမွန်သည်။ ဂျက်ဆန်ဗီလီမြို့ရှိ ရေတပ်မှ အသက် ၂၁နှစ်အရွယ်ရှိ တပ်သား ဆီဇာအာမန်ဒိုလော်ရီယန်သည် ယင်းမြို့တွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့လေသည်။ သူ့အနေဖြင့် ပြင်မရသော အမှားတစ်ခုကို မကျူးလွန်မီအချိန်အထိ သူနှင့်မကြာခင်ကမှ လက်ထပ်ခဲ့သော ဇနီးသည်နှင့်အတူ သာယာချမ်းမြေ့သော သီရိဂေဟာလေးကို ဖန်တီးနိုင်ခဲ့သည်။ ထိုအချိန်က လော်ရီယန်၏ဘဝသည် ပျော်ရွှင်ဖွယ်အတိပြီးကာ မြင်သမျှ အရာအားလုံးသည် သူ့အတွက် လှပနေခဲ့သည်။

လောကဓံကို ကြံ့ကြံ့မခံနိုင်

သို့သော်လည်း ကံကြမ္မာက အနေအထိုင် တည်တံ့ရိုးသားသော၊ ဇနီးအပေါ် သစ္စာရှိသော သူ့အား ပြုစားခဲ့ပြန်သည်။ ကန်ရေပြင်ကဲ့သို့ တည်ငြိမ်အေးချမ်းနေသော သူ့ဘဝလေးထဲသို့ ကြမ္မာဆိုးဟူသော ခဲလုံးကလေးကြောင့် သူ့ဘဝတွင် လှိုင်းထန်ခဲ့ရသည်။ ထိုလောကဓံတရားကို ကြံ့ကြံ့မခံနိုင်ဘဲ စိတ်အလိုလိုက်မိသည်မှ အစပြုကာ ဘဝတစ်ခုလုံး ပူလောင်ခံစားခဲ့ရသည်။ ယခုအချိန်တွင် ဘယ်သူမပြုမိမိမှုဆိုသလို စိတ်ထောင်းကိုယ်ကြေဖြစ်ကာ စိတ်နှလုံး ညှိုးချုံးနေရပေပြီ။ အတိတ်ကို ပြန်လည်မစဉ်းစားလိုတော့သော်လည်း အကျည်းတန် အရုပ်ဆိုးသော ဖြစ်ရပ်များက သူ့စိတ်အစဉ်ကို တစ္ဆေနှယ် ခြောက်လှန့်နေပြီး တရေးရေး ပြန်လည်မြင်ယောင်လာပြန်တော့သည်။

လော်ရီယန်သည် ရေတပ်တွင် လုပ်ငန်းတွင်း၌ အနေကြာလာသောအခါ အမျိုးသမီး ရေတပ်တပ်ဖွဲ့ဝင် မာရီယာဖရန်ဆက် လော်တာဘက်ဆိုသူ အမျိုးသမီးနှင့်သိကျွမ်းခဲ့ကြသည်။ သူတို့နှစ်ဦးစလုံး အရာရှိငယ်များဖြစ်ကြပြီး သာမန်မိတ်ဆွေများ ဖြစ်ကြသည်။

သောကရတက်မီးပွေ

သို့ရာတွင် ကံကြမ္မာ၏လှည့်စားမှုကြောင့် ဘဝတစ်သက်တာ တည်ကြည်စွာ နေထိုင်ခဲ့သော လော်ရီယန်သည် မာရီယာကို တွေ့ဖန် မြင်ဖန်များလာသောအခါ နှစ်သက်တွယ်တာစွဲလမ်းခဲ့မိတော့သည်။ တစ်သက်လုံး အိမ်ထောင်ရေး၊ လူမှုရေးနှင့်ပတ်သက်ပြီး ဂုဏ်သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိန်းသိမ်းလာခဲ့သော လော်ရီယန်၏ ဘဝတွင် ထိုအချိန်မှစ၍ သောကရတက်မီးပွေခဲ့ရတော့သည်။ သူသည် အိမ်ထောင်ရှင်ဟူသော အသိဖြင့် သူ့ကိုယ်သူ ဆုံးမခဲ့ပြီး ချုပ်တည်းခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

ဆီဇာအာမန်ဒိုလော်ရီယန်

မာရီယာဖရန်ဆက်လော်တာဘက်

သူ့ဘဝတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်သွားခဲ့သည့်နေ့မှာ ၂၀၀၇ခုနှစ် ဧပြီလလယ်ရက်တစ်ရက်ပင်ဖြစ်တော့သည်။

အမှောင်ကမ္ဘာထဲသို့ရောက်ရှိ

ထိုနေ့တွင် လော်ရီယန်၏ ဇနီးသည်မှာ ၎င်းမိဘများထံ သွားရောက်လည်ပတ်ကာ ညအိပ်ခဲ့သည်။ အလုပ်တာဝန်ချိန် ပြီးဆုံးသွားပြီဖြစ်၍ သူ အနားယူနေမိသည်။ ထိုအချိန်တွင်ပင် ဇွတ်အတင်း မေ့ပျောက်ထားသော မာရီယာ၏ ပုံရိပ်က သူ့အတွေးထဲတွင် ပေါ်လာသည်။ ထိုအချိန်တွင် သူ၏ အိမ်သို့ တစ်ခါမျှမလာဖူးသော မာရီယာ တစ်ယောက် တိုက်ဆိုင်စွာပင် ရောက်ရှိလာခဲ့သည်။ ဇနီးသည် မိဘအိမ်သို့ ခေတ္တပြန်သွားခြင်းနှင့် မာရီယာ သူ၏ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခြင်းက သူ့ကို အနက်ရှိုင်းဆုံး ချောက်ကမ်းပါးထဲသို့ တွန်းချလိုက်သလို အမှောင်ကမ္ဘာထဲသို့ ရောက်ရှိသွားတော့သည်။

ဖျက်မရသောအမှား

မာရီယာက လော်ရီယန်အား သူမ၏အဆောင်တွင် မီးပျက်နေ၍ ပြင်ပေးရန် အကူအညီလာရောက်တောင်းခံခြင်းဖြစ်ကြောင်း တောင်းပန်တိုးလျှိုခဲ့သော်လည်း သူ့အနေဖြင့် စိတ်လွတ်ကိုယ်လွတ်ပြုမူမိတော့သည်။ သူသတိရမိချိန်၌ သူ့ဘဝတွင် ဖျက်မရသော အမှားကို ကျူးလွန်မိပြီး သွားခဲ့ပြီဖြစ်သည်။ အတွေးကောင်းနေဆဲတွင် မာရီယာက သူ့အပါးမှ ပြေးထွက်သွားပေပြီ။ သူ့ဘဝတွင် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၄ရက်ညပိုင်းတွင် ဒုတိယ အမှားကြီးတစ်ခုကိုထပ်မံကျူးလွန်မိပြန်သည်။ယင်းနေ့နံနက်ပိုင်းတွင် မာရီယာက လော်ရီယန်အား သူ့တွင် ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်းနှင့် လက်ထပ်ယူရန် တောင်းဆိုလာခဲ့ချိန်တွင် သူ့အဖို့ အကျပ်ဆိုက်ခဲ့ရပေပြီ။ တစ်ဖက်တွင် ချစ်ဇနီးအား မစွန့်လွှတ်နိုင်သဖြင့် မာရီယာကိုလက်ထပ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ညပိုင်းတွင် ဇနီးသည်ကို ပထုတ်ကာ မာရီယာကို သူ၏အိမ်သို့ နှစ်သိမ့်ခေါ်ယူပြီး အသက်ကို ရန်ရှာမိတော့သည်။ ထို့နောက် ၎င်း၏ အိမ်နောက်ဖေးတွင် အစဖျောက်လိုက်တော့သည်။ ဇနီးသည် ပြန်လာသည့် အချိန်တွင် မာရီယာသည် သူ့ကိုယ်သူ သတ်သေသွားကြောင်း ၎င်း၏အပြစ်ကို ဖုံးကွယ်ကာ ဇနီးသည်အား ပြောပြပြီး သူကိုယ်တိုင် မြှုပ်နှံလိုက်ရကြောင်း လိမ်ညာလှည့်စားခဲ့သည်။

ကလိမ်စေ့ငြမ်းဆင်

လော်ရီယန်၏ လှည့်စားမှုမှာ ကြာရှည်မခံဘဲ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၁ရက်တွင်ရဲအဖွဲ့ကမာရီယာ၏အမေက လူပျောက်တိုင်ကြားမှု၊ အလောင်းမြှုပ်နှံသည့်ဝန်းကျင်တွင် လင်းတများဝဲပျံနေကြောင်း ပတ်ဝန်းကျင်မှ သက်သေများ၏ထွက်ဆိုချက်ကြောင့် ၎င်းက ကလိမ်စေ့ငြမ်းဆင်ဇာတ်လမ်းကြီး ပေါ်ပေါက်ကာ ဇနီးသည်မှာ ရင်ကွဲပက်လက်ဖြစ်ရတော့သည်။

ပြစ်မှုကျူးလွန်ပြီး ဥပဒေကို လက်တစ်လုံးခြားလှည့်စားရန်ကြံရွယ်ခဲ့သော၊ စိတ်အလိုလိုက်မိခဲ့သော လော်ရီယန်မှာ လှည့်စားရက်သော ကံကြမ္မာကြောင့် ပြစ်ဒဏ်ကျခံရမည့်နေ့ကို စိတ်နှလုံးနွမ်းလျစွာ စောင့်နေရသည့်အဖြစ်ကား သတိပြုဆင်ခြင်ဖွယ် ဖြစ်ပါတော့သည်။ ။

ချစ်စိုးနိုင်- ကိုးကားရေးဖွဲ့သည်

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အကြမ်းဖက်ဗုံးခွဲမည့်သတင်းများထွက်ပေါ် ပါကစ္စတန်မြို့ကြီးများ၌ လုံခြုံရေးတင်းကျပ်

ရွေးကောက်ပွဲသတ်မှတ်ရက်ကျင်းပရန် အတိုက်အခံများတောင်းဆို

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၂

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်နှင့် ကရာချိမြို့ကြီးများတွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားမည်ဟူသော သတင်းများကြောင့် ပါကစ္စတန်အစိုးရက ဇန်နဝါရီ၁၂ရက်မှစတင်ကာ လုံခြုံရေးတင်းကျပ်လိုက်သည်။

လုံခြုံရေးအထူးကြပ်မတ်

မကြာမီက ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားသော လာဟိုးမြို့၌လည်း လုံခြုံရေးအထူးကြပ်မတ် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အစ္စလမ္မာဘတ်နှင့် ကရာချိမြို့များရှိ အဓိကနေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားလိုက်သည်။

သေဆုံး

ပါကစ္စတန်နိုင်ငံ၌ အတိုက်အခံခေါင်းဆောင် ဘာနာဇီယာဘူတို ဗုံးခွဲလုပ်ကြံခံရပြီးနောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူများ သေဆုံးခဲ့ရပြီးဖြစ်သည်။

တောင်းဆို

ပါကစ္စတန်နိုင်ငံ၏ အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သူ နာဝပ်ရှရစ်ဖ်က ပါကစ္စတန်အစိုးရအနေဖြင့် ရွေးကောက်ပွဲကို သတ်မှတ်ရက်အတိုင်းကျင်းပနိုင်ရန် တောင်းဆိုလိုက်သည်။

ပါကစ္စတန်ရွေးကောက်ပွဲကို ယခင်က ဇန်နဝါရီ၈ရက် ကျင်းပရန် စီစဉ်ခဲ့သော်လည်း ဘူတိုလုပ်ကြံခံရပြီးနောက် ပြည်တွင်းမငြိမ်မသက်မှုဖြစ်ပွားခဲ့သဖြင့် လာမည့်ဖေဖော်ဝါရီ၁၈ရက်သို့ ပြောင်းရွှေ့သတ်မှတ်ထားသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် တွေ့မြင်ရသည့် မြင်ကွင်း။ (အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တောင်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် မြင်တွေ့ရသည့် အပျက်အစီးများ။ (အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား ငါးဦးသေဆုံး၊ ၁၀ ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များပါရှိသော ယာဉ်တန်းအား ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ အမေရိကန်နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာမရရှိသော်လည်း အရပ်သားများ သေဆုံးဒဏ်ရာရရှိခဲ့ရသည်။

ဒဏ်ရာရ

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင်လည်း ဇန်နဝါရီ ၁၂ရက်က ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားများ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။

စွပ်စွဲ

အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများကို အိမ်နီးချင်းနိုင်ငံများ ပံ့ပိုးကူညီနေသည်ဟု အမေရိကန်တို့က စွပ်စွဲထားသည်။ အီရန်နိုင်ငံသည် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများကို အထောက်အပံ့များပေးနေသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။ **(အင်တာနက်)**

ကင်ညာ၌ နိုင်ငံရေးအကျပ်အတည်းပိုမိုတင်းမာ လူပေါင်းငါးသိန်းကျော်စားနပ်ရိက္ခာအကူအညီလိုအပ်နေ ကလေးငယ်များ အာဟာရချို့တဲ့မှုနှင့်ကြုံတွေ့နေရ

ကုလသမဂ္ဂ ဇန်နဝါရီ ၁၂

ကင်ညာနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်း ပိုမိုတင်းမာလာသောကြောင့် လူပေါင်း၅၀၀၀၀၀ကျော် လူသားချင်းစာနာထောက်ထားသည့် အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂက သတိပေးပြောကြားလိုက်သည်။

အာဟာရချို့တဲ့

ယင်းနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိရာ ပြည်သူ၂၅၅၀၀၀မှာ နေအိမ်များကို စွန့်ခွာထွက်ပြေးနေကြရသဖြင့် ကလေးငယ်များ အာဟာရချို့တဲ့ ပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဤသို့ ပြည်သူများ ဘေးလွတ်ရာသို့ ကစဉ့်ကလျား ထွက်ပြေးကြရသည်။ (အင်တာနက်ဓာတ်ပုံ)

ကင်ညာနိုင်ငံ၏ အဓိကအတိုက်အခံပါတီကလည်း လာမည့် သီတင်းပတ်အတွင်း နိုင်ငံတစ်ဝန်း အကြီးအကျယ် ဆန္ဒပြရန် တိုက်တွန်းဆော်ဩလိုက်သည်။

ကင်ညာသမ္မတ ကီဘာကီက ဒီဇင်ဘာ၂၇ရက်တွင် သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း ကြေညာခဲ့ပြီးနောက် လူမျိုးစုနှင့် နိုင်ငံရေးအဖွဲ့အစည်းများအကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့၍ လူပေါင်း၆၀၀ခန့် သေဆုံးခဲ့ရသည်။

ဆွေးနွေးရန်ငြင်းဆို

အတိုက်အခံခေါင်းဆောင် အိုဒင်ဂါကလည်း ကင်ညာသမ္မတ ကီဘာကီအား မဲလိမ်သူအဖြစ် စွပ်စွဲထားသည်။ ကင်ညာအစိုးရအနေဖြင့် ယင်းကိစ္စကို နိုင်ငံတကာ ကြားဝင်ဖျန်ဖြေပေးသူများနှင့် ဆွေးနွေးရန် ငြင်းဆိုထားသည်။

ကြိုးစား

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်သော ကြားဝင်ဖျန်ဖြေရေးအဖွဲ့က ကင်ညာနိုင်ငံ၏ အကျပ်အတည်းကို ဦးဆောင်ဖြေရှင်းရန် ကြိုးစားလျက်ရှိသည်။

ကင်ညာနိုင်ငံ၌ နိုင်ငံရေးအကျပ်အတည်း ပိုမိုတင်းမာလာမှုကြောင့် လူပေါင်းသန်းဝက်ခန့် လာမည့်လများအတွင်း စားနပ်ရိက္ခာ အကူအညီများ လိုအပ်နေကြောင်း ဂျီနီဗာတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာရုံးမှ ပြောရေးဆိုခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဒုက္ခမျိုးစုံကြုံတွေ့

ထောင်ပေါင်း များစွာသော ပြည်သူများမှာ အလုပ်အကိုင်မရှိ၊ ဝင်ငွေမရှိသဖြင့် နေ့စဉ် ဘဝရပ်တည်ရေးအတွက် ဆင်းရဲမှုဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေကြရသည်။

စိုးရိမ်ပူပန်

ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်က နိုင်ရိုဘီမြို့ဝန်းကျင်ရှိ ပြည်သူ ၃၃၀၀၀အား စားနပ်ရိက္ခာများ စတင်ဖြန့်ဝေပေးလျက်ရှိသည်။ သို့သော်လည်း နိုင်ငံရေးတင်းမာမှုများ ပိုမိုဆိုးရွားလာသဖြင့် စိုးရိမ်ပူပန်နေကြသည်။ **(အင်တာနက်)**

မလေးရှားတွင် မတ်လ၌ ရွေးကောက်ပွဲ ကျင်းပရန်စီစဉ်

ကွာလာလမ်ပူ ဇန်နဝါရီ ၁၂

မလေးရှားနိုင်ငံသည် လာမည့်မတ်လဆန်းတွင် ရွေးကောက်ပွဲကျင်းပလိမ့်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးနှင့် နိုင်ငံရေးလေ့လာသူများ၏ ပြောကြားချက်ကို ကိုးကားပြီး ယင်းနိုင်ငံထုတ်သတင်းစာတစ်စောင်က ဇန်နဝါရီ ၁၀ရက်၌ သတင်းဖော်ပြသည်။

လာမည့်မတ်လ ပထမအပတ်တွင် နောက်ဆုံးထားပြီး ရွေးကောက်ပွဲကို ကျင်းပနိုင်လိမ့်မည်ဟူသော ဝန်ကြီးတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး စတားသတင်းစာက အထက်ပါအတိုင်း ရေးသားဖော်ပြသည်။

ရွေးကောက်ပွဲကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ပြည်နယ်များတွင် စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်ထားပြီးဖြစ်ကြောင်း စတားသတင်းစာသို့ ပြောကြားသည်။

ရေးသားဖော်ပြ

ဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက်ဘာဒါဝီ၏ ကတိပေးပြောကြားချက်အရ ယခုလနှောင်းပိုင်းတွင် ပြည်သူ့မဲဆွယ်ပွဲနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ အပါအဝင် ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို မတ် ၇ရက်မှ ၁၆ရက်အတွင်း ကျင်းပမည်ဖြစ်ကြောင်း ယင်းသတင်းစာက ရေးသားဖော်ပြသည်။

အကူအညီလိုအပ်

ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာချိန်တွင် ဒုတိယဝန်ကြီးချုပ် နာဂျစ်ဘ်ရာဇက်ခ်နှင့် ကုန်သွယ်ရေးဝန်ကြီး ရာဖီဒက်ချ်အဇစ်တို့၏ အကူအညီလိုအပ်သည့်အတွက် ဖေဖော်ဝါရီနှင့် မတ်လတွင် ပြည်ပခရီးထွက်ခွာလိမ့်မည်မဟုတ်ကြောင်း ၎င်းတို့ကပြောကြားသည်။ အမ်အင်န်အေ၊ ရိုက်တာ

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၁၂

အာဖဂန်နစ္စတန်တောင်ပိုင်း၌လက်နက်များတွေ့ရှိ

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း အူရူဂန်ပြည်နယ်တွင် စစ်လက်နက်ပစ္စည်းများကို အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်စဉ် စက်သေနတ်များနှင့် ဒုံးကျည်များပါဝင်သော လက်နက်ပစ္စည်းများထည့်ထားသည့် သေတ္တာ၁၅လုံးကို အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးအနည်းငယ်ကျ

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းအနည်းငယ်ကျဆင်းလျက်ရှိကြောင်း ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၀၂ ဒေါ်လာရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။ နိုင်ဂျီးရီးယားတွင်မူ ရေနံဈေးနှုန်းမှာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၉၈ ဒသမ ၆၅ ဒေါ်လာရှိနေဆဲဖြစ်သော်လည်း ကျန်ကမ္ဘာ့နိုင်ငံများ၌ ရေနံဈေးနှုန်းမှာ နှစ်ရာခိုင်နှုန်းနီးပါး ကျဆင်းလျက်ရှိသည်။

အိုင်အေအီးအေနှင့်အိန္ဒိယ နျူကလီးယားကိစ္စ ဆွေးနွေးမည်

အိန္ဒိယနိုင်ငံသည် နျူကလီးယားစွမ်းအင်ဆိုင်ရာစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးနိုင်ရန် အိုင်အေအီးအေနှင့်ဆွေးနွေးမှုကို ယခုလအတွင်း တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမည်ဟု အိန္ဒိယ နျူကလီးယားဆိုင်ရာအရာရှိများက ပြောကြားသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီနှင့် နျူကလီးယားစွမ်းအင်ကို လုံခြုံစိတ်ချစွာ အသုံးပြုရေးဆိုင်ရာ စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် အိုင်အေအီးအေနှင့် အိန္ဒိယ နျူကလီးယားဆိုင်ရာအရာရှိများ မကြာမီဆွေးနွေးကြမည်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် တရုတ်သို့သွားရောက်မည်

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် တရုတ်နိုင်ငံသို့ လာမည့်သီတင်းပတ်အတွင်း အလည်အပတ်ခရီးသွားမည်ဖြစ်ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးရန်အတွက် သွားရောက်မည်ဖြစ်ပြီး တရုတ်ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မလေးရှားနှင့်အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

မလေးရှားနှင့် အင်ဒိုနီးရှားနှစ်နိုင်ငံတို့သည် ယာဉ်မောင်းမှုနှင့်ခရီးသွားလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားမည်ဟု မလေးရှားနိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုက ပြောကြားလိုက်သည်။

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနိုတို့သည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြသည်။

ရုရှားနှင့်ဆက်ဆံရေးတိုးတက်ရန် ပိုလန်ကြိုးစားမည်

ပိုလန်ဝန်ကြီးချုပ် ဒိုနယ်တပ်ခ် အနေဖြင့် ရုရှားနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားပြီး ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ရုရှားနှင့် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် ကြိုးစားသွားမည်ဟု ပိုလန်အစိုးရအဖွဲ့က ပြောကြားသည်။ အမေရိကန်တို့၏ ဥရောပဒုံးပျံကာကွယ်ရေးအစီအစဉ် ပိုလန်နိုင်ငံ၌ ဖြန့်ကျက်မှုအပေါ် ရုရှားတို့က ပြစ်တင်ရှုတ်ချထားသည်။

ကမ္ဘောဒီးယား၌ မိုင်းများရှာဖွေဖျက်ဆီး

ကမ္ဘောဒီးယားနိုင်ငံတွင် ၂၀၀၇ခုနှစ်က မြေမြှုပ်မိုင်းရှင်းလင်းမှုများကို ဧရိယာစတုရန်းကီလိုမီတာ ၅၀ခန့် ပြုလုပ်နိုင်ခဲ့ကြောင်း ကမ္ဘောဒီးယားမြေမြှုပ်မိုင်းရှင်းလင်းရေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

ထိုသို့ရှင်းလင်းခဲ့ရာ၌ မြေမြှုပ်မိုင်း ၆၆၉၁၀လုံး၊ တင့်ကားဖျက်မိုင်း ၆၀၇ခုနှင့် အခြားမိုင်းများကိုလည်း ဖော်ထုတ်ရှင်းလင်းဖျက်ဆီးနိုင်ခဲ့ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

အီရန်၏နျူကလီးယားစွမ်းအင် ရုရှားထောက်ပံ့ကူညီမည်

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ မိမိတို့ ထောက်ပံ့ဖြည့်ဆည်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားလိုက်သည်။

အနောက်အုပ်စုက အီရန်၏နျူကလီးယားအစီအစဉ်သည် လက်နက်ထုတ်လုပ်ရန် ရည်ရွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် အကျပ်ကိုင်ဖိအားပေးလျက်ရှိရာ ရုရှားတို့က ငြိမ်းချမ်းရေးအတွက်ဖြစ်သည်ဟု ယုံကြည်သဖြင့် နျူကလီးယားစွမ်းအင်နှင့်ပတ်သက်၍ အကူအညီပေးသွားမည်ဟု ယင်းအရာရှိများက ပြောကြားသည်။

ဘလက်ဝါးတားလုံခြုံရေးတို့၏လက်ချက်ဖြင့် အီရတ်အရပ်သား၁၇ဦးသေဆုံးခဲ့ရမှု

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

စစ်ဖြစ်ပြီဟေ့ဆိုသည်နှင့် တစ်ပြိုင်နက် ဟိုဘက်သည်ဘက် လက်နက်ကိုင်ဆောင်သူများ ကျဆုံး၊ ဒဏ်ရာရသည်သာမက လက်နက်မဲ့ အရပ်သူအရပ်သားများမှာ ပုန်းရ၊ ရှောင်ရ၊ ပြေးရ၊ လွှားရသည့်အပြင် သေကျေပျက်စီးမှုများသည် အနည်းနှင့်အများဆိုသလိုကြုံရတတ်သည်။ အဖြစ်ဆိုးနှင့် ကြုံကြရတတ်သည်။ အထူးသဖြင့် အမျိုးသမီးများနှင့်ကလေးငယ်များ၏ဘဝမှာ ရင်ထုမနာဖြစ်ကြရသည်။

ဆုံးရှုံးခဲ့ရဖူး

လူ့သမိုင်းတွင် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ကြုံခဲ့ရပြီ။ လူသားတို့၏အသက် အိုးအိမ်စည်းစိမ်များ၊ အစားထိုးမရသည့် ယဉ်ကျေးမှုအမွေအနှစ်များစွာ ဆုံးရှုံးခဲ့ရဖူးပြီ။

ကမ္ဘာစစ်ကြီးများကို မဆိုထားဘိ ကျူးကျော်စစ်၊ ပြည်တွင်းစစ်တို့၌ပင် အထက်ဖော်ပြပါ အန္တရာယ်များနှင့်မလွတ်ကင်းပေ။

သဘောထားကွဲမှုများ၊ ဝိရောဓိများကိုဖြေရှင်းကြရာ၌ မတတ်သာသည့်အဆုံး၌ လက်နက်ကိုင်ကာ စစ်ပွဲများဖြစ်လာရသည်မှန်သော်လည်း ယနေ့တိုင် ပြည်တွင်းနှင့်ဒေသတွင်းစစ်ခင်းနေကြသည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဓိကမျှော်မှန်းဖွဲ့စည်းခဲ့သော ကုလသမဂ္ဂအဖွဲ့ကြီးကိုပင် အားမနာကြသလောဟု မေးခွန်းထုတ်ရမလိုဖြစ်နေသည်။

များစွာစိုးရိမ်ပူပန်မိ

လက်နက်ကိုင်ပဋိပက္ခများတွင် အပြစ်မဲ့အရပ်သားများ ထိခိုက်သေဆုံးမှုအပေါ် များစွာစိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြီးခဲ့သည့်နှစ် ဇွန်လတွင် ထုတ်ဖော်ညည်းတွားလိုက်ပြီး အရပ်သူအရပ်သားများအား အကွယ်အကာပေးရေး တိုက်တွန်းလိုက်သည်။

ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများ၌ အရပ်သားများကာကွယ်ရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေကို လေးစားလိုက်နာရန် တာဝန်ရှိကြောင်း သက်ဆိုင်ရာများအား သတိပေးလိုက်သေးသည်။

မျက်မှောက်ကာလတွင် ဒါဖာဒေသနှင့်အီရတ်ပဋိပက္ခများမှာ မငြိမ်းချမ်းသေးသည့်အဖြစ်ကို လှစ်ပြနေခြင်း၊ အန္တရာယ်များဖြစ်ပွားနေခြင်းကို ထပ်ဟပ်နေခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၌ ၂၀၀၃ခုနှစ်နောက်ပိုင်းမှစပြီး ယနေ့အထိ ပြည်သူများ သိန်းချီသေဆုံးရသည်။ ပြည်တွင်း အိုးမဲ့အိမ်မဲ့များနှင့် ပြည်ပသို့ထွက်ပြေး ခိုလှုံကာ ဒုက္ခသည်ဘဝရောက်ကြရသည့် ပြည်သူများလည်း သိန်းချီရှိသည်။

၁၇ဦးသေဆုံး

ထိုသို့သောအခြေအနေတွင် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်၌ ၂၀၀၇ခုနှစ် စက်တင်ဘာ၁၆ရက်ကအဖြစ်မှာ ထူး၍ဆန်းသည်ပြောရမည်လော၊ သို့မဟုတ် ထူး၍မဆန်းဟုဆိုရမည်လောမပြောတတ်တော့။ ဖြစ်စဉ်မှာ ဘလက်ဝါးတားခေါ် အမေရိကန်ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီမှ လုံခြုံရေးအစောင့်များ၏လက်ချက်ဖြင့် အီရတ်အရပ်သား ၁၇ဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

အီရတ်နိုင်ငံ၌ ထိုသို့သော အမေရိကန်ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများကို ငှားရမ်းသုံးစွဲမှုများရှိသည်။ ဘလက်ဝါးတားအရေးအခင်းကြောင့် အီရတ်နှင့် အမေရိကန်ဆက်ဆံရေးတင်းမာသွားသည်။ အမေရိကန်အစိုးရအနေဖြင့် အီရတ်ရှိ ဘလက်ဝါးတားလုံခြုံရေးကုမ္ပဏီနှင့် ခြောက်လအတွင်း အဆက်ဖြတ်ရန်၊ စက်တင်ဘာ ၁၆ရက်အမှုနှင့်ပတ်သက်သည့် ကန်ထရိုက်များကို လွှဲအပ်ရန် အီရတ်ခေါင်းဆောင်များက တောင်းဆိုသည်။

ဤတွင် အမေရိကန်နိုင်ငံခြားရေး ဌာနအနေဖြင့် အီရတ်နိုင်ငံအသုံးပြုသည့် ပုဂ္ဂလိကလုံခြုံရေးကန်ထရိုက်များအပေါ် အစိုးရက ပိုမိုကြီးကြပ်ရန် စီစဉ်ရသည်။ နိုင်ငံခြားရေးဌာန၏ တိုက်ပွဲစည်းမျဉ်းများကို တင်းကျပ်ပေးရသည်။ ကာကွယ်ရေးဌာနချုပ်များနှင့် ညှိရသည်။

ယင်းသို့ အရေးယူမဆောင်ရွက်မီ အောက်တိုဘာလဆန်းက ဘဂ္ဂဒက်မြို့လယ်၌ ကားတန်းကို လုံခြုံရေးတာဝန်ယူသည့် နိုင်ငံခြားပုဂ္ဂလိကလုံခြုံရေးအစောင့်များက ကားချင်းကျော်တက်စဉ် ပစ်ခတ်သဖြင့် အီရတ်အမျိုးသမီးနှစ်ဦး ပွဲချင်းပြီးသေဆုံးကာ တစ်ဦးဒဏ်ရာရသွားသည်။ ကားနောက်ခန်းမှ ကလေးနှစ်ဦးမှာမူ အသက်မသေလွတ်မြောက်သွားခဲ့သည်။

ရင်ထုမနာဖြစ်ကြ

သေဆုံးသူယာဉ်မောင်းအမျိုးသမီးမှာမုဆိုးမဖြစ်ပြီး ကလေးနှစ်ယောက်ပညာသင်နိုင်ရေးအတွက် အချိန်ပိုင်းကားမောင်းကာ ဘဝကို ရုန်းကန်နေရသူအမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရသောအခါ ကြားရသူများက ရင်ထုမနာဖြစ်ကြသည်။ ဘလက်ဝါးတားအဖြစ်ဆိုးကို မမေ့ပျောက်မီတစ်လအတွင်း၌ ပုဂ္ဂလိကလုံခြုံရေးအစောင့်များ၏ သေနတ်သံကိုထပ်မံကြားကြရသည့် အီရတ်ပြည်သူများမှာ နားကြောများပင် စိမ့်သွားကြရသည်ဟူသတည်း။ ။

သတင်းအက်ဆေး

တိုး – စုစည်းရေးသားသည်။

ထူးခြားဖြစ်စဉ်ကမ္ဘာတစ်ခွင်

- **ဂျပန်နိုင်ငံ တိုကျိုမြို့မြောက်ဘက်ရှိ အဇူမာတောင်ပေါ်သို့ တက်ရောက်နေသော တောင်တက်သမားတစ်ဦး သီတင်းတစ်ပတ်ခန့် ပျောက်ဆုံးနေရာမှ ဇန်နဝါရီ ၁၂ရက်၌ ရှာဖွေရေးအဖွဲ့များက ပြန်လည်ရှာဖွေတွေ့ရှိခဲ့သည်။**
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇန်နဝါရီ၁၂ရက်က မီးလောင်မှုဖြစ်ပွားရာ လူ၅၀ခန့်ဒဏ်ရာရရှိပြီး နေအိမ်အများအပြား ပျက်စီးခဲ့သည်။
- **တရုတ်နိုင်ငံ ချန်ဒူမြို့၌ ဇန်နဝါရီ၁၂ရက်က ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ရာ လေယာဉ်ခရီးစဉ် ၄၀၈ခု ဖျက်သိမ်းခဲ့ရသဖြင့် ခရီးသည် ၁၂၀၀၀ကျော် လေဆိပ်များ၌သောင်တင်ခဲ့သည်။**
- စပိန်နိုင်ငံ မက်ဒရစ်မြို့မြောက်ပိုင်းတွင် ဇန်နဝါရီ၁၂ရက်က အအေးလှိုင်းကျရောက်ခဲ့ရာ အပူချိန်ရေခဲမှတ်အထိကျဆင်းခဲ့သဖြင့် လေးဦးသေဆုံးခဲ့သည်။
- **မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့၌ ဇန်နဝါရီ၁၂ရက် နံနက်က ရေခဲပြင်လျှောစီးသူ ၂၂၅ဦးတို့က စုပေါင်း ရေခဲပြင်လျှောစီးခဲ့ရာ ကမ္ဘာပေါ်တွင် အရေအတွက်အများဆုံးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။**
- အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းကမ်းလွန်တွင် ဇန်နဝါရီ၁၂ရက် နံနက်က အင်အားရစ်ချ်တာစကေး ၆ဒသမ၂ရှိ ငလျင်လှုပ်ခဲ့ရာ ကျွန်းရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့သည်။
- **ကနေဒါနိုင်ငံ တိုရွန်တိုမြို့အနောက်ဘက် မိုင်၁၂၀ခန့်အကွာ၌ ဇန်နဝါရီ ၁၂ရက် နံနက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။**
- ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ဇန်နဝါရီ ၁၂ရက်က မော်တော်ယာဉ်တစ်စီး အရှိန်လွန်ကာ ဒိုတွန်ဘိုရီမြစ်အတွင်း ထိုးကျခဲ့သော်လည်း မော်တော်ယာဉ်ပေါ်ရှိ လူသုံးဦးကို ကယ်ဆယ်နိုင်ခဲ့သည်။ **(အောက်ပုံ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အာဆီယံနှင့် အာဆီယံ+၃ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်အဆင့်မြင့်အရာရှိကြီးများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် အာဆီယံနှင့်အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ အာဆီယံ+၃ နိုင်ငံများမှ ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ယဉ်ကျေးမှု၊ လူငယ်ရေးရာနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး Hon Dato Seri Pahlawan Haji Awang Mohammad Bin Haji Daud၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Mounkeo ORABO UN၊ မလေးရှားနိုင်ငံ ယဉ်ကျေးမှု၊ အနုပညာနှင့် အမွေအနှစ်များဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး YB Datuk Seri Utama Dr. Rais Yatim၊ စင်ကာပူ သမ္မတနိုင်ငံ ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့်အနုပညာရေးရာ ဝန်ကြီးဌာန ဝန်ကြီး Dr.LEE Boon Yang၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Tran Chien THANG၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန Assistant Minister,Mr. Ding Wei၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwanနှင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ အာဆီယံ+၃ နိုင်ငံများမှ ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တတိယအကြိမ် အာဆီယံနှင့် အာဆီယံ+၃ ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ကြမည့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး၊ အာဆီယံ+၃ နိုင်ငံများမှ ဒုတိယဝန်ကြီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အဆင့်မြင့်အရာရှိကြီးများအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒို့ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ညောင်ရွှေ ဇန်နဝါရီ ၁၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့နယ် တောင်ခြေကျေးရွာအုပ်စု မြောင်းရိုးကြီးရွာ ဒို့ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ရက် နံနက်၁၀နာရီက ကျင်းပသည်။ အခမ်းအနားတွင် စာကြည့်တိုက်အဆောက်အအုံသစ်ကိုပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်အဆောက်အအုံသစ် ပေါင်၌ဖွင့်

ပေါင် ဇန်နဝါရီ ၁၀

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာ ၂၀ ရက် နံနက်၉နာရီက ပေါင်မြို့နယ် မုတ္တမကျွဲခြံကျေးရွာ၌ ပညာအလင်း(၂) စာကြည့်တိုက်နှင့် ပညာအလင်း(၃) စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချိုမြတ်မြတ်ထွေးနှင့် မုတ္တမကျွဲခြံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွန်းခိုင်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ကျေးရွာပြည်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကသုတ၊ရသစာအုပ်မျိုးစုံ၆၅ အုပ်၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သတင်းစာနှင့် ဂျာနယ်မျိုးစုံအုပ်၁၅၀တို့ကိုလှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ်ပြန်/ဆက်)

တံတားဦးမြို့နယ် ရွှေ့တန်းတိုက်နယ်လုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်လှစ်

တံတားဦး ဇန်နဝါရီ ၁၂

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်၏ မြင်စိုင်းရွှေ့တန်း တိုက်နယ်လုံးကျွတ် စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်လှစ်ခြင်း အထိမ်းအမှတ် အခမ်းအနားကို တံတားဦးမြို့နယ် သက်ပန်းကျေးရွာ လမ်းပြကြယ် စာကြည့်တိုက်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဌွေးတို့က လမ်းပြကြယ် စာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် ကျေးရွာပြည်သူများ စုပေါင်း၍ ငွေကျပ်၅၀၀၀၀၊ တိုင်း/ခရိုင်/မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ သုတ၊ ရသ၊ ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ စာအုပ်များ လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဆွေးနွေး

နေပြည်တော်တပ်ကုန်း ဇန်နဝါရီ ၁၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးသန်းထွန်းသည် နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများအား ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် မြို့နယ်ရုံး၌တွေ့ဆုံ၍ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာမှု တိုးပွားလာရေးဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားပြီး မြောက်မြိုက်၊ ခေတ်အေး၊ ညောင်လွန့်၊ တဲမြင့်၊ မကျီးပင်ကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များ လှူဒါန်းသွားသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

ကျောက်ဆည် ဇန်နဝါရီ ၁၂

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်သည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ၁၇ရက် မွန်းလွဲ၁နာရီက ဒိုင်းကျေးရွာ ရွာဦးကျောင်း၌ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ကိုယ်ပိုင် အဆောက်အအုံဖြစ်မြောက်ရေး၊ စာကြည့်တိုက်အင်္ဂါရပ်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး၊ ငွေပဒေသာပင် စိုက်ထူနိုင်ရေးဆွေးနွေးကြသည်။ ယင်းနေ့ညနေ ၃နာရီတွင် ဒိုင်းအုပ်စု မြဝတီကျေးရွာနှင့် ချမ်းငြိမ်းသာကျေးရွာ၌လည်းကောင်း၊ ည၇နာရီတွင် ပြည်လုံးအံ့ကျေးရွာ၌လည်းကောင်း စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ယခင်အစဉ်အလာကောင်းများနှင့်အညီ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၂

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ဆွေးနွေးမှာကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ စာရင်းစစ်ချုပ်၊ တပ်မတော် အရာရှိကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ၁၂ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ယခင် အစဉ်အလာကောင်းများနှင့်အညီ အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ပဏာမ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် စီမံခန့်ခွဲမှု ကော်မတီဝင်များက (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှု၊(၆၁)နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ (၆၁)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနား အစီအစဉ်များနှင့် အခမ်းအနားသို့ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ တက်ရောက်ရေးကိစ္စများ၊ ညစာစားပွဲ ကျင်းပရေး၊ ဧည့်ခံ ကျွေးမွေးရေး၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေရန်စီစဉ်ထားမှုများ၊ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ နေပြည်တော်သို့ လာရောက်ရေး၊ ကြိုဆိုဧည့်ခံရေးနှင့် နေထိုင်စားသောက်ရေးနှင့် လေ့လာရေး ခရီးစဉ်များ စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကျန်းမာရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ ညစာစားပွဲ ခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အလံတင်အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ ညစာစားပွဲ ဖျော်ဖြေရေး ဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများ စိုက်ထူရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြကြသည်။

ပြန်လည်ဆွေးနွေး

ယင်းနောက် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုဆပ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

အေးမြမြ

လှိုင်လင်

၁ ဒီဂရီစင်တီဂရိတ်

ပင်လောင်း

၁ ဒီဂရီစင်တီဂရိတ်

ဟဲဟိုး

၄ ဒီဂရီစင်တီဂရိတ်

မသန်စွမ်းသူများအားကစားအဖွဲ့ ချပ်ရန်ပုံငွေ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ယနေ့ကစားမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ အောင်ဆန်းအားကစားပြိုင်ကွင်းကြီးတွင် (ယနေ့) **ဇန်နဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီမှစ၍ နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်များ၏စင်တင်တေးဂီတဖျော်ဖြေမှုနှင့် ဟာသလူရွှင်တော်များ၏ ဖျော်ဖြေပွဲအပြီး ညနေ ၄နာရီတွင် မြန်မာနိုင်ငံရုပ်ရှင်သရုပ်ဆောင်(အမျိုးသား) ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင် (အမျိုးသမီး) ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကစားကြမည်ဖြစ်ရာ အမျိုးသားသရုပ်ဆောင် ဘောလုံးအသင်းတွင် လွင်မိုး၊ လူမင်း၊ ရာဇာနေဝင်း၊ နေထက်လင်း၊ နိုင်းနိုင်း၊ သူထူးစံ၊ ထွန်းထွန်း၊ နေမျိုးအောင်၊ နန္ဒ၊ ပြေဇင်၊ ဥက္ကာ(ဓာတ်ခဲ)၊ ပြေတီဦး၊ ပိုင်ဇေရဲထွန်း၊ ဇာနည်၊ ဖြိုးငွေစိုး၊ ကျော်ကျော်ဗို၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ အောင်ပိုင်၊ ကျော်ဇောဟိန်း၊ ညီညီမင်းထက်၊ ကျော်ဝင်းထွဋ်၊ မင်းရာဇာ၊ ဘုန်းသျှန်၊ ရှုပ၊ ဖိုးတာ၊ ထူးသာ၊ ကိုပေါက်၊ လင်းမောင်၊ သတိုးဇော၊ အောင်ခိုင်၊ ပျံလွှားနှင့် ဒါရိုက်တာကျော်ဇောလင်း (အတွေးပုံရိပ်)တို့ ပါဝင်ကစားကြမည်ဖြစ်သည်။ အထူးတန်းပွဲကြည့်စင်အတွက် လက်မှတ်တစ်စောင်ကျပ် ၃၅၀၀၊ မြောက်ဘက်တန်း ပွဲကြည့်စင်အတွက် ကျပ် ၁၀၀၀ နှုန်းဖြစ်ပြီး လက်မှတ်များကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဖုန်း-၅၄၄၂၇၀၊ ၅၄၄၂၇၁၊ ၇၂၇၈၃၁၊ အောင်ဆန်းအားကစားပြိုင်ကွင်း အထူးတန်းဝင်ပေါက်လက်မှတ်တန်း၊ ဝဇီရာရုပ်ရှင်ရုံ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံးများ၊ ယုဇနပလာဇာ စူပါပါဝါဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး ဖုန်း-၀၉-၅၀၀၄၅၂၃၊ ၇၀၄၈၁၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။**

(မြန်မာ့အလင်း)

လူမှုရေးရန်ပုံငွေဘောလုံးပြိုင်ပွဲ ပရိသတ်အားပေးမှုများပြား လက်ရွေးစင်ဟောင်းက ဂီတအစည်းအရုံးအသင်းအား အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၂

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင် ဟောင်းများ ဘောလုံးအသင်း (၁၉၉၃)နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဘောလုံးအသင်းတို့၏ လူမှုရေးရန်ပုံငွေဘောလုံး

အဆိုတော်နှင့် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်ကလည်း ပရိသတ်နှင့်အတူ ကြည့်ရှုအားပေးခဲ့သည်။ (မြန်မာ့အလင်း)

ပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း၌ ဇန်နဝါရီ ၁၂ရက် ညနေ၄နာရီက ကျင်းပရာ မြန်မာလက်ရွေးစင်ဟောင်းများ ဘောလုံးအသင်းက ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲမစမီ မွန်းလွဲ ၁နာရီမှစ၍ စတီရီယို အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြိုင်ပွဲကို စတင်ကျင်းပသည်။ ယနေ့ပြိုင်ပွဲသို့ အထူးတန်း ပွဲကြည့်စင်၌ ပရိသတ်များ ပြည့်လျှံအောင် အားပေးသွားသည်။ ဂီတဘောလုံးအသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းတက်လာပြီး မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းဟောင်းအား ယှဉ်ပြိုင်သွားသည်။ အထူးသဖြင့် စတီရီယိုတေးသံရှင် တူးတူး၏ လက်စွမ်းပြ ကာကွယ်နိုင်မှုကြောင့် ယခုထက်ဂိုးပိုမပေးရခြင်းဖြစ်သည်။

၁၉၉၃ခုနှစ် မြန်မာ့လက်ရွေးစင် ဟောင်းဘောလုံးအသင်းမှာ မိမိတို့၏ ခြေရည်ခြေသွေးကို လှလှပပဖြင့် ထုတ်ဖော်ကစားသွားနိုင်ကြသည်။

တစ်ဦးတည်းသုံးဂိုးသွင်း

ယနေ့ပွဲတွင် မြန်မာ့လက်ရွေးစင် ဟောင်းအသင်းအတွက် ဂိုးများကို အသက်ကြီးသော်လည်း ခြေစွမ်းပြကစားသွားသည့် တင်မြင့်အောင်က ပထမပိုင်း ၅ မိနစ်တွင်လည်းကောင်း၊ ကြည်လွင်က ၁၄ မိနစ်နှင့်အောင်နိုင်က ၄၂မိနစ်တွင် လည်းကောင်း၊ မျိုးလှိုင်ဝင်းက ပထမပိုင်း ၂၈မိနစ်၊ ဒုတိယပိုင်း ၅၆မိနစ်နှင့် အချိန်ပိုလေလွင့်ချိန် ၈၃ မိနစ်တွင် တစ်ဂိုး တစ်ဦးတည်းသုံးဂိုး သွင်းယူပေးခဲ့သည်။

ဘောလုံးချစ်သူများ

ဂီတအစည်းအရုံးအတွက် ဂိုးများကို အဆိုတော်ဟက်ကက်က ပထမပိုင်း မိနစ် ၃၀တွင် သွင်းယူပြီး ဒုတိယပိုင်း ၄၂မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် အဆိုတော် စတီးက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် ၁၉၉၃မြန်မာ့လက်ရွေးစင်ဟောင်း ဂိုးသမားအောင်ကျော်ကျော်နှင့် စိုင်းမောင်မောင်ဦး အပြင် ဝါရင့်ဘောလုံးကစားသမားများ ဖြစ်ကြသည့် စောဘမြင့်၊ စိုးနိုင်ကြီး၊ စိုးနိုင်လေး၊ ကြည်လွင်၊ ရဲထွဋ်လေး၊ တင်မြင့်အောင်၊ တင်မျိုးအောင်၊ မျိုးလှိုင်ဝင်း၊ ဝင်းအောင်တို့အပြင် ဆန်းဝင်း၊ မြင့်ကို၊ငွေထွန်း၊ထွန်းမြင့်လွင်၊ အေးနိုင်၊ အောင်နိုင်နှင့်တင်ထွေးတို့ ပါဝင်ကစားသွားကြသည်။

ကွင်းလယ် ဒိုင်လူကြီးအဖြစ် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးဦးတင်ထွဋ်၊ အရန် ဒိုင်လူကြီးများအဖြစ် ဦးအောင်ကျော်သူ၊ ဦးဇော်ဝင်းခိုင်နှင့် ဦးဘိုဘိုမြင့်တို့က ဆောင်ရွက်သွားကြသည်။ ဇန်နဝါရီ ၁၃ရက် **(ယနေ့)** ညနေ၄နာရီတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်သရုပ်ဆောင် ဘောလုံးအသင်းတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

တေးရေးတေးဆို ဂီတပညာရှင် စောဘွဲ့မှူး၏ သမီး ကဗျာဘွဲ့မှူးကလည်း ပရိသတ်ကို ဤသို့ အားပါးတရ ဖျော်ဖြေသည်။ (မြန်မာ့အလင်း)

အဆိုတော် ဆောင်းဦးလှိုင်၏ ဖျော်ဖြေမှုကို ပရိသတ်များ အားပေးကြည့်ရှုကြစဉ်။ (မြန်မာ့အလင်း)

ထောက်ပံ့လှူဒါန်း

ဇန်နဝါရီ၁၁ရက်က ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းရင်းဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအား မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်နှင့် အမှုဆောင်များက ထောက်ပံ့လှူဒါန်းစဉ်။

(မြန်မာ့အလင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

● ***ကျောဖုံးမှ***

ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်းကျင်းပသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဦးမောင်မောင်ဆပ်ကပ်ပြပွဲအနီး၌ ဇန်နဝါရီ၁၁ရက် ည၇နာရီ ခွဲခန့်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး ဗုံးဖောက်ခွဲရန်ပြင်ဆင်သူ KNU အကြမ်းဖက် သောင်းကျန်းသူတစ်ဦး သေဆုံးခဲ့သည်။ သေဆုံးသူမှာ အသက် ၂၅နှစ်ခန့် အရွယ်ရှိပြီး ၎င်း၏ ကိုယ်ပေါ်တွင် ချိုင်းသိုင်းအိတ်ဖြင့်ထည့်ထားသော အမေရိကန်နိုင်ငံလုပ် ပွိုင့်၂၂ ဆုံလည် ခြောက်လုံးပြူး သေနတ်တစ်လက်၊ ကျည်တောင့် ၂၀နှင့် ယမ်းတုံးနှစ်တုံးဖြင့်ပြုလုပ်ထားသော ဗုံးတစ်လုံးတို့ကိုလည်း သိမ်းဆည်းရမိခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ချင်း အနီးပတ်ဝန်းကျင်ရှိ လူအုပ်အတွင်းမှ မသင်္ကာဖွယ်လူတစ်ဦးထွက်ပြေးသဖြင့် အနီးရှိပြည်သူများက ၎င်းအား ဝိုင်းဝန်းဖမ်းဆီးခဲ့ကြသည်။

ဗုံးပေါက်ကွဲမှု ဖြစ်လျှင်ဖြစ်ချင်း ထွက်ပြေးသဖြင့် ပြည်သူလူထုမှ ဝိုင်းဝန်းဖမ်းဆီးခဲ့သည့် ကျောက်ကြီးမြို့နယ် တပ်ကုန်းကျေးရွာနေ စောရမကီးအား တွေ့ရစဉ်။ (သတင်းစဉ်)

ဗုံးပေါက်ကွဲမှုကြောင့် ညောင်ပင်သာကျေးရွာနေ မစန်းယုမော် အသက်(၃၀)၊ ရေအိုးစင်ကျေးရွာနေ မောင်မင်းထိုက်သာ(၄)နှစ်၊ ရေအိုးစင်ကျေးရွာနေ မနွဲ့နွဲ့ဝင်း (၂၆)နှစ်နှင့် ကျီးမနိုးကျေးရွာနေ မတင်ယုမော်(၂၂)နှစ်တို့ ဗုံးစများ အသီးသီးထိမှန်ဒဏ်ရာရရှိခဲ့ကြသည်။

ဝိုင်းဝန်းဖမ်းဆီး

ပေါက်ကွဲမှုဖြစ်လျှင်ဖြစ်ချင်း ထွက်ပြေးသဖြင့် ပြည်သူလူထုမှ ဝိုင်းဝန်းဖမ်းဆီးခဲ့သူမှာ ကျောက်ကြီးမြို့နယ် တပ်ကုန်းကျေးရွာနေ စောရမကီး (၂၈)နှစ်ဖြစ်သည်။ ၎င်းအား စစ်ကြောမေးမြန်းရာ သေဆုံးသူမှာ KNU သောင်းကျန်းသူ တပ်မဟာ(၃) ရင်း(၈)မှ ဆက်ကြေးတာဝန်ခံ တပ်ကြပ်အဆင့်ရှိ စောဒီသောမူးဖြစ်ကြောင်း၊ ၎င်းတို့ရွာသို့ စောဒီသောမူး ဆက်ကြေးကောက်ခံရန်လာရောက်စဉ် ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ၎င်းတို့ စတင်ရင်းနှီးခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဇန်နဝါရီ ၁၁ရက် နံနက်၆နာရီတွင် ကျောက်ကြီးမြို့နယ် ကျီးပင်ကျေးရွာမှထွက်ခွာလာရာ ကညွတ်ကွင်းမှတစ်ဆင့် ညောင်ပင်သာကျေးရွာသို့ ညနေ၅နာရီခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပနေသော ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း ရောက်ရှိပြီး ဈေးတန်းတွင် အကြော်စားခဲ့ကြကြောင်း၊ ထိုသို့ အကြော်စားနေစဉ် ညနေ ၆နာရီခန့်တွင် စောဒီသောမူးမှာ ၎င်းကိုင်ဆောင်လာသော အိတ်နှင့်အတူ ဈေးတန်းအနီးရှိ ရေတွင်းဘက်သို့သွား၍ မှောင်ရိပ်ခိုကာ ဖောက်ခွဲမည့်ဗုံးအား ပြင်ဆင်ခဲ့ကြောင်း၊ ထိုသို့ ပြင်ဆင်စဉ် ပေါက်ကွဲမှု ဖြစ်ပွားကြောင်း၊ ၎င်းအနေဖြင့် ကြောက်ရွံ့ပြီး အဆိုပါနေရာအနီးမှ ထွက်ပြေးရာ အနီးရှိ ပြည်သူများ၏ ဝိုင်းဝန်းဖမ်းဆီးမှုကို ခံရခြင်းဖြစ်ကြောင်းဖြင့် သိရှိရသည်။

အကြမ်းဖက်ဖောက်ခွဲ

ယခုကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူ ဖောက်ခွဲဖျက်ဆီးရေးသမားများအား မိမိတို့နိုင်ငံအပေါ် ဗိုလ်ကျစိုးမိုးလိုသော ပြည်ပရှိအဖွဲ့ကြီးတစ်ဖွဲ့က ငွေကြေးနှင့် ဆက်စပ်ပံ့ပိုးပစ္စည်းများ ထောက်ပံ့၍ မိမိတို့နိုင်ငံအတွင်း အပြစ်မဲ့ပြည်သူများသေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန်နှင့် နိုင်ငံတည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်ဖောက်ခွဲနေခြင်းဖြစ်ကြောင်း သိရှိရသည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သူ မတင်ယုမော်(၂၂)နှစ် (ဝဲလက်ဖျံအစမှန်)၊ (မစိုးရိမ်ရ)။ (သတင်းစဉ်)

ကြိုးကိုင်စီစဉ်

ထို့အတူ ယမန်နေ့ နံနက်၄နာရီခွဲခန့်က နေပြည်တော် ပျဉ်းမနားဘူတာအနီး ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အများသုံးအိမ်သာအတွင်း၌ ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သော နော်ဂေးလာ၏ ခရီးဆောင်အိတ်အတွင်းမှ အဝတ်အစားများအား စစ်ဆေးရာတွင်လည်း အဝတ်အစားများတွင် ယမ်းမှုန့်အစအနများကပ်နေသည်ကို တွေ့ရှိရသဖြင့် သေဆုံးသူအမျိုးသမီးသည် ဗုံးဖောက်ခွဲရန် ပြင်ဆင်နေစဉ် အလားတူပေါက်ကွဲပြီး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုဖြစ်စဉ်တွင်လည်း စောဒီသောမူးသည် ပွဲခင်းအတွင်း ပွဲကြည့်နေသော ပြည်သူများ သေကျေဒဏ်ရာရရှိစေရန်အတွက် ဗုံးဖောက်ခွဲရန် လာရောက်ခြင်းဖြစ်ပြီး ဖောက်ခွဲရန် ပြင်ဆင်နေစဉ် ယခုကဲ့သို့ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှစ်ခုစလုံးတွင် အသုံးပြုသော ယမ်းများမှာ အမေရိကန်နိုင်ငံလုပ် ယမ်းပြင်းများဖြစ်ပြီး အမျိုးအစားတူညီနေသည်ကို တွေ့ရသဖြင့် ဤကဲ့သို့ အကြမ်းဖက်ဖောက်ခွဲမှုများကို အဖွဲ့အစည်းကြီးတစ်ခုတည်းမှ ကြိုးကိုင် စီစဉ်နေခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

သေဆုံးသွားသည့် KNU အကြမ်းဖက်သောင်းကျန်းသူ စောဒီသောမူးထံမှ သိမ်းဆည်းရမိသော ချိုင်းသိုင်းအိတ်၊ သေနတ်၊ ကျည်ဆန်နှင့် ယမ်းတုံးတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)



စက်ဆုပ်ရွံ့ရှာ

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရအောင် အကြမ်းဖက်ဖောက်ခွဲမှုများ လုပ်ဆောင်နေသူများနှင့် ထိုသို့လုပ်ဆောင်ရန် စီစဉ်နေသူများကို အများပြည်သူတို့က စက်ဆုပ်ရွံရှာလျက်ရှိကြောင်း သိရသည်။

ပူးပေါင်းကူညီ

တာဝန်ရှိသူများက အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးသမားများနှင့် ဖောက်ခွဲရေးပစ္စည်းများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများကလည်း သတိပြု စောင့်ကြပ်ကြည့်ရှုပြီး တာဝန်ရှိသူများအား ပူးပေါင်းကူညီဆောင်ရွက်ရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်္တတအသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၂

ဟသ်္တတအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတို့ကို ဇန်နဝါရီ၂၇ ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် ဟသ်္တတအသင်းတိုက် အမှတ်၁၈၄/၁၈၆ ၄၅ လမ်း ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

သက်ကြီးပူဇော်ပွဲတွင် ပူဇော်ခံနိုင်ရန်အတွက် အသက် ၈၀ ပြည့်ပြီးသူ အသင်းသူ အသင်းသားများ၏စာရင်းနှင့် ပညာရည်ချွန်ဆု ချီးမြှင့်နိုင်ရန်အတွက် အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ကျောင်းသား ကျောင်းသူများ၏ စာရင်းများကို ဒုတိယဥက္ကဋ္ဌ ဦးတင်ရှိန် ဖုန်း-၅၀၂၃၀၃၊ ဒုတိယဥက္ကဋ္ဌ ဟသ်္တတဦးမြင့်ဌေး ဖုန်း-၅၃၇၄၀၆၊ ဘဏ္ဍာရေးမှူး ဒေါ်ညွန့်ညွန့် ဖုန်း-၂၄၅၃၈၅၊ စည်းရုံးရေးမှူး ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၃၈၂၂၂၁ နှင့် ဟသ်္တတ အသင်းတိုက် ဖုန်း-၂၀၁၁၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ သက်ကြီးပူဇော်ပွဲသို့ လှူဒါန်းလိုသူများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းသူ အသင်းသားများ၊ အသင်းမဝင်ရသေးသော ဟသ်္တတသူ ဟသ်္တတသားများအားလုံး စုံညီစွာတက်ရောက်ကြရန် ဟသ်္တတအသင်းမှ နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၁-၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နဂါးရေလှောင်တမံ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Say it in English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၅ ၅။ မြန်မာရုပ်ရှင် **ရင်ထဲက ဆောင်းရာသီ** လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်ဝဏ္ဏ)
၁၄:၃၀ ၆။ ပူဇော်မပြတ် အစဉ်မြတ်ရင်ခွင်
၁၄:၄၀ ၇။ သစ်လွင်ခံ့ညား ဖားတစ်ရှဉ်းတံတား
၁၄:၄၅ ၈။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday use
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ **ညှော်မယ်ဗျို့** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၈:၄၅ ၁၁။ ပညာရေးအတွက် ICT
၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၄)
၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချိုမြိန်သောအချစ်နေ့** (အပိုင်း-၁၂)

ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူးဖွင့်လှစ်မည့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း သင်တန်းအမှတ်စဉ်(၃၂)ကို ဇန်နဝါရီ၂၁ ရက်မှ ၂၉ ရက်အထိ(နေ့စဉ် ရုံးဖွင့်ရက်များသာ) နံနက် ၉ နာရီမှ ၁၂ နာရီခွဲအထိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်ရုံးခွဲ) အမှတ် ၂၂၈၊ ၂၄၀ ကမ်းနားလမ်း ရန်ကုန်မြို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်ပွဲကို ဇန်နဝါရီ၂၁ ရက် နံနက် ၈ နာရီတွင် အဆိုပါရုံး ပဉ္စမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် စာရင်းပေးသွင်းထားသူများအနေဖြင့် သင်တန်းသား စိစစ်ရေးကတ်ပြားများကို ဇန်နဝါရီ၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ယင်းရုံးအုပ်ချုပ်မှုဌာနတွင် ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ကျေးရွာ အရန်မီးသတ် တပ်ဖွဲ့သို့ ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီက ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ ဟွန်ဒါ အမျိုးအစား ရေစုပ်စက်နှစ်လုံး ပေးအပ်လှူဒါန်းရာ မြို့နယ်မီးသတ် ဦးစီးမှူး ဦးဝင်းတင် လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ပညာသင်စရိတ် ထောက်ပံ့

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီမှ အဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ခုနှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဒီဇင်ဘာ၂၃ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အဖွဲ့ဝင် ၇၃ဦး၏ သားသမီးများအတွက် ထောက်ပံ့ကြေးငွေကျပ် ၃၈၄၀၀၀ ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

အင်းတော်၌ စုပေါင်းလမ်းလျှောက်

၂၀၀၇ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ(စတုတ္ထပတ်)စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၂ရက်က အင်းတော် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့စုရပ်မှ မန္တလေး-ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာကားလမ်း၊ ကြာအင်း-စင်းဟောင်ရွာ အနီးရှိ ဆလက တံတားအထိ အသွားအပြန်(သုံးမိုင်ခန့်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပသည်။ (၁၃၃)

ကျေးလက်ရေပေးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေးလက်တူးတွင်းများ ပုံမှန်လည်ပတ်မှုရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးလျက်ရှိရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမျိုးဝင်းသန့် ခေါင်းဆောင်သောအဖွဲ့က ဒီဇင်ဘာ၁၀ရက်တွင် နောင်မွန်ကျေးရွာရှိ လက်တူးတွင်း ရေထွက်ကောင်းမွန်မှု ရှိ၊မရှိနှင့် ပုံမှန်လည်ပတ်မှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။ (မြို့နယ်စည်ပင်)

မိုင်းခတ်၌ ပျိုးဥယျာဉ်ထူထောင်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဒီဇင်ဘာ ၂၅ရက်က မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်ထူထောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ထက်(ဒုတိယဦးစီးမှူး)နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးရဲမင်းအောင်တို့က ရှင်းလင်းတင်ပြသည်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဟောပြော

ရွှေဘိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးစီးကျင်းပသော နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက ရန်ကြီးအောင် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းနှင့် မြို့နယ်စာနယ်ဇင်း ဥက္ကဋ္ဌဦးခင်အောင်(ဘာမထီခင်အောင်)တို့က ဟောပြောကြသည်။ (ခရိုင် ပြန်/ဆက်)

မြောင်းမြ ပညာရေးစုံညီပွဲတော်

ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် မြောင်းမြဆရာအတတ်သင် အခြေခံပညာမူလတန်းကျောင်းတို့၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ရက် နံနက်၇နာရီက စတင်ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ပြုံးညိုနှင့် သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (၁၆၀)

မြို့သာယာလှပရေးဆောင်ရွက်

သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးနှင့် သန့်ရှင်းသာယာရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၁၂ရက်က မြို့တွင်း လမ်းဘေးဝဲယာ၌ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ လမ်းဘေးကတ်တုံးများ ဆေးသုတ်အလှဆင်ခြင်းနှင့် အရိပ်ရပင်များ စုပေါင်းစိုက်ပျိုး ပြုပြင်ခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

တိုင်းရင်းဆေးဝါး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနစိတ် သီးခြားဖွင့်လှစ်ထား ကမ္ဘာ့အလယ် ဝင့်ထည်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်

သတင်းဆောင်းပါး-သူရဇော် ဓာတ်ပုံမှတ်တမ်း-ညီညီထွန်း(သတင်းစဉ်) စာမျက်နှာဖွဲ့စည်းမှု- ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၁၂

ယနေ့အချိန်အခါတွင် နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ အမျိုးသားကျန်းမာရေးအတွက် ခေတ်မီတိုးတက်သော ဆေးဝါးများ၊ စက်ကိရိယာများအသုံးပြု၍ ဆေးဝါးကျွမ်းကျင်ပညာရှင်များက ကုသစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေစေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မွေးထုတ်

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာနကို တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်လျက်ရှိသည့် နည်းတူ တိုင်းရင်းဆေးပညာရှင်များ တိုးတက်လာစေရန် တိုင်းရင်းဆေးတက္ကသိုလ်၊ တိုင်းရင်းဆေးသိပ္ပံများဖွင့်လှစ်ပြီး စာတွေ့လက်တွေ့ သင်တန်းများပို့ချကာ အရည်အချင်း ပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။

တွေ့ဆုံမေးမြန်းခဲ့

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးဝါးများကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနဌာနစိတ်နှင့် ဖွံ့ဖြိုးရေးဌာနစိတ်တစ်ခုစီ သီးခြားဖွင့်လှစ်ပြီး တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းဆေး သုတေသနလုပ်ငန်း

ခေတ်မီတိုင်းရင်းဆေးဝါးများ စမ်းသပ်ကိရိယာများကို ဤသို့တွေ့ရသည်။

များကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးပညာဌာနအသီးသီးက ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းဆေးပညာဦးစီးဌာန၏ သုတေသန ဓာတ်ခွဲခန်းကို နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်ကြီးတွင် တည်ထောင်ကာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းဆေးပညာဦးစီးဌာန လက်အောက်ရှိ သုတေသနလုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများသိရှိ ဗဟုသုတ တိုးပွားနိုင်စေရန် ရည်ရွယ်၍ မြန်မာ့အလင်းက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

အမျိုးသားပရဆေးဥယျာဉ်အတွင်းရှိ တိုင်းရင်းဆေးသုတေသန ဓာတ်ခွဲခန်းမှ ညွှန်ကြားရေးမှူး(သုတေသန/ဖွံ့ဖြိုးရေး) ဦးဝင်းမြင့်က **"ဒီသုတေသန ဓာတ်ခွဲခန်းကို ၂၀၀၆ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်။ တိုင်းရင်းဆေးသုတေသန ဓာတ်ခွဲခန်းအနေဖြင့် ပုံမှန်ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းနဲ့ တိုင်းရင်းဆေးသုတေသန လုပ်ငန်းတွေကို အဓိကထားပြီး လုပ်ဆောင်နေပါတယ်။ ပုံမှန်ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းတွေကတော့-**

- မှတ်ပုံတင် လျှောက်ထားသော တိုင်းရင်းဆေးဝါးများကို ဆေးပင်စစ်မှန်မှု၊ အနောက်တိုင်းဆေးရောနှော ပါဝင်မှုနှင့် အဆိပ်အတောက်ဖြစ်စေသော သတ္တုမာများပါဝင်မှုကိုဓာတ်ခွဲစမ်းသပ်ခြင်း၊

- ပုဂ္ဂလိက တိုင်းရင်းဆေးဝါးနှင့် ဆေးပစ္စည်းများ၏အရည်အသွေးဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ချက်မှတ်စုများ ထုတ်ပေးခြင်းဖြင့် ဆေးဝါးအရည်အသွေးထိန်းသိမ်းမှုဆောင်ရွက်ပေးခြင်း၊

- ဆေးပင်ဆိုင်ရာ ရုက္ခဗေဒသုတေသနလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ခြင်း၊

- ဆေးပင်နှင့် တိုင်းရင်းဆေးဝါးများတွင်ပါဝင်သော ဒြပ်ပေါင်းပါဝင်မှုဆိုင်ရာ ဓာတုဗေဒသုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း၊

- တိုင်းရင်းဆေးဝါးနှင့် ဆေးပင်ဆိုင်ရာ သုတေသနလုပ်ငန်းများဖြင့် မဟာသိပ္ပံဆေးဝါးမဟာသိပ္ပံနှင့် ပါရဂူကျမ်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊

- မြန်မာ့ တိုင်းရင်းဆေးပညာကို နိုင်ငံတကာအဆင့် လေ့လာနိုင်ရေး အတွက် Medicinal Plants of Myanmar စာအုပ်တွဲများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစု ပုံနှိပ်ထုတ်ဝေခြင်းတို့အပြင် ကျန်းမာရေး ဝန်ကြီးဌာန သုတေသနလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ရုက္ခဗေဒဆိုင်ရာ အပင်များရဲ့လက္ခဏာတွေကို စမ်းသပ်သုတေသနပြုလုပ်ခြင်း၊ အပင်ထဲမှာပါတဲ့ ဒြပ်ပေါင်းတွေကို လေ့လာတဲ့ ဓာတုဗေဒ သုတေသနပြုလုပ်ခြင်း၊ မြန်မာ့တိုင်းရင်းဆေးအသုံးပြုပုံကို မေးမြန်းစိစစ်လေ့လာခြင်းနဲ့ တိုင်းရင်းဆေးဝါးဆေးပင်တွေရဲ့ အာနိသင်ကို စမ်းသပ်လေ့လာခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့ ဌာနအနေနဲ့ကတော့ တိုင်းရင်းဆေးအသုံးပြု စားသုံးနေတဲ့ ပြည်သူတွေကို ဘေးဒုက္ခမရောက်အောင် ကြပ်မတ်ဆောင်ရွက်လျက် ရှိပါတယ်။ ဈေးကွက်မှာ ထုတ်လုပ်ရောင်းချနေတဲ့ တိုင်းရင်းဆေးဝါးတွေကို မကြာခဏ ကောက်ယူစစ်ဆေးပြီး ပြည်သူများသုံးစွဲဖို့ မသင့်တဲ့ တိုင်းရင်းဆေးဝါးများကို သတင်းစာမှာ ထုတ်ဖော်ကြေညာပြီး ထုတ်လုပ်မှု မှတ်ပုံတင် ရုပ်သိမ်းခြင်းတွေကိုပါ ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ရတာက တချို့ တိုင်းရင်းဆေးတွေဟာ မှတ်ပုံတင်စမှာ သတ်မှတ်တဲ့ အညွှန်းအတိုင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမပြုလို့ ဖြစ်ပါတယ်။ ဒီလိုကိစ္စတွေ မဖြစ်လာစေဖို့ တိုင်းရင်းဆေးဝါးတွေခေတ်မီပြီး နိုင်ငံတကာကိုထိုးဖောက်ဝင်ရောက်နိုင်စေရန် သိပ္ပံနည်းကျသုတေသန ပြုလုပ်ဖို့ လိုအပ်လာပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ သုတေသန ဓာတ်ခွဲခန်းမှာ တိုင်းရင်းဆေးဝါး၊ ဆေးပင်တွေကို ဓာတ်ခွဲ စစ်ဆေးခြင်းနဲ့ သုတေသန လုပ်ငန်းများကို အဆင့်မီဓာတ်ခွဲ စက်ကိရိယာများ အသုံးပြုပြီး ရုက္ခဗေဒ ပညာရှင်များ၊ ဓာတုဗေဒ ပညာရှင်များ၊ ဆရာဝန်များ၊ သက်ဆိုင်ရာ ဘာသာရပ် ကျွမ်းကျင်သူများ၊ သုတေသီများနဲ့ လက်တွဲကာ မြန်မာ့တိုင်းရင်းဆေးဝါးပညာရပ်ကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်နိုင်အောင် ကြိုးပမ်းလုပ်ကိုင်နေပါတယ်" ဟူ၍ မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။

"မြန်မာ့ တိုင်းရင်းဆေးဝါး ပညာရပ်ကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်နိုင်အောင် ကြိုးပမ်းလုပ်ကိုင်နေ" ဦးဝင်းမြင့် ညွှန်ကြားရေးမှူး (သုတေသန/ဖွံ့ဖြိုးရေး) တိုင်းရင်းဆေးပညာဦးစီးဌာန



ခေတ်မီ စမ်းသပ်ကိရိယာများကို အသုံးပြု၍ အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးဝါးများကို ဖော်ထုတ်လျက်ရှိသည်။



တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ သုတေသနပြု ထုတ်ဝေထားသော Medicinal Plants of Myanmar စာအုပ်များ။

တိုင်းရင်းဆေးပင် နမူနာများကို တွေ့ရစဉ်။

မြန်မာ့တိုင်းရင်းဆေးပညာရပ်သည် ခက်ခဲနက်နဲပြီး ထိရောက်အကျိုးရှိသောကြောင့် ယခုအခါ ပြည်သူများ၏ လက်စွဲဆေးအဖြစ် ရောက်ရှိနေပြီ ဖြစ်သည်။ တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ပြည်သူများ အကုန်အကျသက်သာပြီး ထိရောက်သော ဆေးနည်းများကို သိရှိနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပင်များကို ကမ္ဘာကသိရှိ လေ့လာနိုင်စေရန် စာတမ်းများ၊ စာအုပ်များကို ထုတ်လုပ် ဖြန့်ချိပေးလျက် ရှိသည်။ **"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်"** ဟူသော ဆောင်ပုဒ်အတိုင်း မိမိတို့ ရေမြေသဘာဝ တောတောင်များတွင် ပေါက်ရောက်သော ဆေးဖက်ဝင် အပင်များကို သိရှိထိန်းသိမ်းခြင်းသည် မိမိ၏ တိုင်းပြည်သာယာရေးကို ဆောင်ရွက်ရာ ရောက်သည့်နည်းတူ မိမိ၏ အသက်ကို သက်တမ်းစေ့နေနိုင်အောင် စောင့်ရှောက်ရာလည်းကျပါသည်။ နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှု၊ သက်ဆိုင်ရာ ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် ယခုအခါ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုပုံစံများ တိုးတက်လာပြီဖြစ်သည်။ တိုင်းရင်းသမားတော်များ စုစည်းဆွေးနွေးနိုင်သော တိုင်းရင်းဆေးသမားတော် ညီလာခံများ ကျင်းပခြင်းဖြင့် တိုင်းရင်းဆေးဝါးသစ်များ ထွက်ပေါ်လာလျက်ရှိသည့် နည်းတူ မူလဆေးဝါးများ၏ အရည်အသွေးသည် ပိုမိုတိုးတက်လျက် ရှိပါသည်။ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ အသိပညာရှင်၊ အတတ်ပညာရှင်များ နှင့် တိုင်းရင်းဆေးသမားတော်များ၏ ကြိုးပမ်းမှုများကြောင့် လူတိုင်း သက်တမ်းစေ့ နေနိုင်ရေးဟူသော ဆောင်ပုဒ်အတိုင်း အသက်ရှည် အနာကင်းစွာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဖြူးအမျိုးသားကျောင်းအာစရိယပူဇော်ပွဲ အရှင်ဆေကိန္ဒဓမ္မသဘင် ဆင်ယင်ကျင်းပ

ဖြူး ဇန်နဝါရီ ၁၂

ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း ၁၉၂၀)၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၄ ရက် ည၇နာရီက အဆိုပါကျောင်း၏အမျိုးသားကျောင်းဆောင် အမျိုးသားခန်းမ၌ ဓမ္မသဘင်ပွဲဆင်ယင်ကျင်းပရာ ဓမ္မဒူတ ဗဟုဇနဟိတရေ အရှင်ဆေကိန္ဒဆရာတော်က မိတ္တာသုတ္တန် တရားတော်မြတ်ကို ကြွရောက်ချီးမြှင့်ဟောကြားတော်မူသည်။ **(ဝဲပုံ)**

အဆိုပါဓမ္မသဘင်ပွဲသို့ အပူဇော်ခံအငြိမ်းစား ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများနှင့် တရားနာပရိသတ်များ တက်ရောက်ကြည်ညို နာကြားကြသည်။ **(က-ပ)**

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ ခေမာရာမ သီလရှင်စာသင်တိုက်၏ (၁၉)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းအောင်ပွဲ၊ မြို့နယ် သံဃနာယက ဆရာတော်ကြီးများ ပူဇော်ပွဲနှင့် စုပေါင်းသီလရှင်ဝတ်စုံလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၉ရက်က ကျောင်းတိုက်ဓမ္မာရုံ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအုန်းမြင့်နှင့် ဇနီးတို့က ကျောင်းတိုက်ပဓာန နာယက ဆရာကြီးဒေါ်စန္ဒာထံ ဝတ်စုံများဆက်ကပ်လှူဒါန်းစဉ်။

(ခရိုင် ပြန်/ဆက်)

ထန်းတပင်မြို့နယ်တွင် နွေစပါးထွန်ယက်စိုက်ပျိုးပွဲနှင့် တစ်မိုးနှစ်သီး ဒုတိယစပါးရိတ်သိမ်းပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၏ နွေစပါးထွန်ယက်စိုက်ပျိုးပွဲနှင့် တစ်မိုးနှစ်သီး ဒုတိယစပါးရိတ်သိမ်းပွဲကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၂နာရီခွဲက ထန်းတပင်မြို့နယ် ရိုးခွကျေးရွာ လယ်သမားကြီးဦးတင်ထွေး၏ နွေစပါးစံပြငါးဧကစိုက်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့်အဖွဲ့အား ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနိုင်အောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်နှင့် စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇော်ခင်တို့က တိုင်းနှင့်မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေးဝင်းက ရန်ကုန်တိုင်းအနေဖြင့် နွေစပါး ဧက ၂၄၀၀၀၀ လျာထားစိုက်ပျိုးလျက်ရှိရာ သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် သဘာဝသစ်ရွက်ဆွေး မြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်အသုံးပြု၍ စိုက်ပျိုးရန်၊ ခေတ်မီစက်ကိရိယာများကို ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိစွာ အသုံးပြုရန် မှာကြားပြီး တိုင်းမှူးနှင့်အဖွဲ့သည် နွေစပါးပျိုးထောင်ထားမှု၊ မျိုးစေ့ချကိရိယာဖြင့် နွေစပါးစိုက်ပျိုးနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှု၊ သဘာဝသစ်ရွက်ဆွေးမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်၍ ကြဲပက်နေမှု၊ သဘာဝသစ်ရွက်ဆွေးမြေဩဇာ ပြုလုပ်ထားရှိမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လယ်သမားကြီး ဦးကံငြိမ်း၏ စမ်းသပ်နေကြာ နှစ်ဧကစိုက်ခင်း၊ လယ်သမားကြီး ဦးကျော်ဇင်အောင်၏ တစ်မိုးနှစ်သီး စံပြနှစ်ဧက၌ ဒုတိယစပါးရိတ်သိမ်းခြွေလှေ့နေမှုနှင့် အစုကြီးကျေးရွာ လယ်သမားကြီး ဦးမောင်ထွေး၏ စံပြပြောင်း သုံးဧကစိုက်ခင်းတို့ကို ကြည့်ရှုအားပေးကြသည်။

လျာထားစိုက်ပျိုး

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း နွေစပါးဧက ၁၆၀၀၀၀ ကျော်၊ နေကြာဧက ၁၂၄၀၀ ကျော်၊ အစေ့ထုတ်ပြောင်း ဧက ၅၀၀၀ ကျော် လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး နွေစပါး ဧက ၅၀၀၀၀ ကျော်၊ နေကြာဧက ၅၇၀၀ကျော်နှင့် အစေ့ထုတ်ပြောင်း ဧက ၈၀၀ ကျော် စိုက်ပျိုးပြီး ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဆိုင်ပိုင်ရှင်အား ခြိမ်းခြောက်ငွေတောင်းသူ တောင်ကြီးမြို့နယ်တွင် အရေးယူထား

ရန်ကုန် ဇန်နဝါရီ ၁၂

တောင်ကြီးမြို့ အေးသာယာမြို့သစ် စက်မှုဇုန် ခွာညိုလမ်းနှင့် မြတ်လေးလမ်းကြား အမှတ်(၂/၅၃)နေ စိုးသန်းမော်(၃၈နှစ်) (ဘ)ဦးကျော်စိုးသည် အမည်အမျိုးမျိုးအသုံးပြု၍ တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက် ဗိုလ်ချုပ်လမ်း အမှတ် (လ/၁)တွင် ဖွင့်လှစ်ထားသော ဦးအောင်မိန်း(ခ) ဦးအောင်မြင့်ပိုင်ရှုတိုင်းယဉ် ရွှေဆိုင်သို့ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်၊ ၂၉ ရက်နှင့် ဇန်နဝါရီ ၂ ရက်တို့တွင် ခြိမ်းခြောက်စာများဖြင့် လည်းကောင်း၊ ဇန်နဝါရီ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် တယ်လီဖုန်းဖြင့်လည်းကောင်း ခြိမ်းခြောက်၍ ငွေတောင်းခံမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တောင်ကြီးမြို့ အမှတ်(၁)ရဲစခန်းမှ စိုးသန်းမော်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၂/၅၀၇အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသမီးငယ်တစ်ဦးအား ဆန်ထိုးပိုက်ဖြင့်ထောက်၍ ရွှေဆွဲကြိုးနှင့် ဟန်းချိန်းလုယူထွက်ပြေးမှု အလုံမြို့နယ်၌ ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၂

အလုံမြို့နယ် ကရင်ခြံရပ်ကွက်တွင် ဇန်နဝါရီ၁၀ရက် ည၈နာရီခန့်က အမျိုးသမီးတစ်ဦး အား ဆန်ထိုးပိုက်ဖြင့် ထောက်၍ ရွှေဆွဲကြိုးနှင့် ဟန်းချိန်းတို့ လုယူထွက်ပြေးမှု တစ်မှု ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ အလုံမြို့နယ် မီးရထားရိပ်သာဝင်း ကရင်ခြံရပ်ကွက်နေသူ မသဲသိမ့်သိမ့်သူ (၂၅နှစ်)သည် ၎င်းအလုပ်လုပ်ကိုင်သည့် ရန်ကုန်မြို့တွင်းရှိ ကွန်ပျူတာ ရောင်းဝယ်ပြုပြင်ရေးဆိုင်မှ ကားစီး၍ နေအိမ်သို့ လမ်းလျှောက်ပြန်လာစဉ် အောက်ကြည့်မြင်တိုင်လမ်းနှင့် အလုံလမ်းဆုံအရောက်တွင် အမည်မသိ အမျိုးသားတစ်ဦးက ဆန်ထိုးပိုက်ဖြင့်ထောက်၍ ၎င်းဝတ်ဆင်ထားသည့် ခြောက်မူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး(ကာလတန်ဖိုးငွေကျပ် ၂၇၀၀၀၀ခန့်)၊ ငါးမူးသားခန့်ရှိ ဟန်းချိန်းတစ်ခု(ကာလတန်ဖိုးငွေကျပ် ၂၅၀၀၀၀ခန့်) နှင့် ငွေကျပ်၉၀၀၀ စုစုပေါင်းငွေကျပ် ၅၂၉၀၀၀ဖိုးအား လုယူထွက်ပြေးသွားသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အလုံရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၂အရ အမှုဖွင့်ကာ တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားတစ်ဦး အင်းစိန်၌ ရထားတိုက်၍ သေဆုံး

ရန်ကုန် ဇန်နဝါရီ ၁၂

အင်းစိန်မြို့နယ် ဈေးကုန်းအရှေ့ရပ်ကွက် အင်းစိန်ဘူတာနှင့် အင်းစိန်ခုံးတံတားအကြားရှိ မိုင်တိုင်အမှတ်(၂/၉)တွင် ဇန်နဝါရီ၁၀ရက် နံနက် ၇နာရီခန့်က အမည်မသိ အမျိုးသားတစ်ဦး ရထားတိုက်မိ၍ သေဆုံးကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အင်းစိန်ဘူတာမှ မင်္ဂလာဒုံဘူတာဘက်သို့ စက်ခေါင်းမောင်း ဦးစောဝေဒင်(စက်ခေါင်း အမှတ် ဒီဒီ-၉၃၄)မောင်းနှင်သည့် ကန်စွန်းအမည်ရှိ မြို့ပတ်ရထားသည် အင်းစိန်ဘူတာမှ ထွက်ခွာလာစဉ် အဆိုပါနေရာသို့အရောက် လမ်းဖြတ်ကူးသူ အမည်စိစစ်ဆဲ (၄၀နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးအား တိုက်မိခဲ့ရာ လည်ပင်း၊ ဝဲလက်၊ဝဲဘက်ရင်ဘတ်တို့တွင် ပြတ်ရှဒဏ်ရာများရရှိပြီး နေရာတွင်ပင် သေဆုံးကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အင်းစိန်ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် ၃/၂၀၀၈ရေးဖွင့် စုံစမ်းလျက်ရှိပြီး အလောင်းအား မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၆၈ လမ်းသစ်လမ်းနေ ဦးတင်အေး-ဒေါ်သန်းရီ မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်း လှူဒါန်းရာ တွဲဖက် အတွင်းရေးမှူး ဦးစိုးဝင်းက လက်ခံယူစဉ်။

(၃၈၀)

မြကန်သာ တည်းခိုခန်းတွင် တည်းခိုနေသည့် လူငယ်တစ်ဦးထံမှ ဘိန်းဖြူ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများနှင့် ငွေများဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၂

ပန်းဘဲတန်းမြို့နယ် (၈)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်အနီးတွင် ဇန်နဝါရီ၉ရက် ည ၈နာရီခန့်က မူးယစ်ဆေးဝါးသတင်းအရ မူးယစ်အထူးအဖွဲ့က စောင့်ကြည့်နေစဉ် ဇော်မင်းထွန်း(၂၇နှစ်) (ဘ) ဦးစိုးလွင် (ညောင်ပင်ရပ် ဗန်းမော်မြို့နယ်)အား တွေ့ရှိရသဖြင့် သက်သေများနှင့်အတူ ခေါ်ဆောင်ကာ ၎င်းတည်းခိုနေသည့် မြကန်သာတည်းခိုခန်း အခန်းအမှတ်(၂၇)အတွင်း စစ်ဆေးရှာဖွေခဲ့ရာ ပုလင်းငယ်ဖြင့်ထည့်ထားသော ဘိန်းဖြူအမှုန့် ၈ဒသမ၀၂၈ရမ်ခန့်၊ WYစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား၈၂ပြားနှင့် မူးယစ်ဆေးဝါးရောင်းချရငွေကျပ် တစ်သိန်းခန့် တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းဘဲတန်းရဲစခန်းမှ ဇော်မင်းထွန်း အပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ၁၅/၁၉(က)/၂၀(က)အရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝမ်းမြောက်စကား မုဒိတာပွား

နိုင်ငံတော်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ သာသနာ့ဒါယကာကြီး ဦးစိုးဟန်လင်း** အား **အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက် ဖြစ်မိပါကြောင်းနှင့် သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မေတ္တာလောင်း၍ ဆုတောင်းလိုက်ပါသည်။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိပိဋကဓမ္မရက္ခိတဗိမာန်တော်၌ သီတင်းသုံးလျက်ရှိသည့် ပိဋကတ်သုံးပုံ စာပြန်/စာဖြေသံဃာတော်များအမှူးပြုသော ဓမ္မမိတ်ဆွေများ။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၈ ဖြင့် ဂုဏ်ပြုချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ် **လူမှုထူးချွန်တံဆိပ် (တတိယဆင့်)** ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသော **ဦးသန်းထွန်း (ဒါရိုက်တာ "ရတနာအောင်" ကုမ္ပဏီ၊ ဥက္ကဋ္ဌ-ရွှေအုပ်စု ကုမ္ပဏီမုံရွာမြို့ စစ်ကိုင်းတိုင်း)** အား ဝမ်းမြောက်ဝမ်းသာ အထူးဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဦးအောင်ကျော်တိုး - အုပ်ချုပ်မှုဒါရိုက်တာ"ရတနာအောင်" ကုမ္ပဏီနှင့် မိသားစု
ဦးမျိုးဝင်း - ဒါရိုက်တာ "ရတနာအောင်" ကုမ္ပဏီ၊ ဥက္ကဋ္ဌ MGRG အမြန်ရေယာဉ်နှင့် မိသားစု"ရတနာအောင်"ကုမ္ပဏီ ဝန်ထမ်းများ မုံရွာမြို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ ဖြင့် **ဦးသိန်းမောင် (ရွှေလမင်းဆေးလိပ်ခုံ)[ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံ ကြီးကြပ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ အထက(၁) ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ၊ အမှတ်(၁)ရပ်ကွက် မိုးကောင်းဘုရားကြီး၏ နာယက]** ဖြစ်သူအား ၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၇ခုနှစ်တွင် **လူမှုထူးချွန်(တတိယဆင့်)** တို့ကို ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဝန်ထမ်းမိသားစုများ ကျောင်းကုန်းမြို့။**
- **အမှတ်(၁)ရပ်ကွက် မိုးကောင်းဘုရားကြီး၏ဂေါပကအဖွဲ့ ကျောင်းကုန်းမြို့။**
- **မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းအောင်နှင့် ဆရာ၊ ဆရာမများ ကျောင်းကုန်းမြို့။**
- **ဒေါ်စန်းစန်း (ကျောင်းအုပ်ဆရာမကြီး၊ အထက-၁)နှင့် ဆရာ ဆရာမများ၊ ကျောင်းကုန်းမြို့။**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ဖြင့် **ဒေါ်မေသန်းနွယ် (သိင်္ဂီရွှေရည်အဆင့်မြင့် Digital ရောင်စုံဓာတ်ပုံတိုက်)၊ ဒဂုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ အတွင်းရေးမှူး** အား **"သုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ် ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံ့အကျိုး၊ ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊
ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း။

SMS အမြန်ပို့ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မှနေပြည်တော်နှင့်မန္တလေးသို့၂၄နာရီအတွင်းအိမ်/ရုံးအရောက် စီးပွားရေးဆိုင်ရာပစ္စည်း-စာရွက်စာတမ်းများအမြန်ပို့ပေးသည်။ရန်ကုန်တွင်စာများကိုအိမ်အရောက်လာယူပေးပါသည်။အခန်း-၁၀၂၊တိုက်-ဘီ၊ အမှတ်-၂၁၂ရွှေဂုံတိုင်လမ်း၊ဗဟန်း(ကမ္ဘောဇဘဏ်အနောက် ဘက်)ဖုန်း-၀၉ ၅၁ ၄၂၇၇၃၊ ၅၅၂၈၄၉၊ ၅၅၄၁၀၇။ ၄၄၁၂၈၉၅ သို့ဆက်သွယ်ပါ။

မီး
အစဉ်သတိပြု

ဘာမင်ဂမ်ကို အထင်သေးလို့ အာကြီးတို့ နိုင်ပွဲနှင့်ဝေးခဲ့ ဒိုလေး ဟက်ထရစ်ရပြီး မန်ယူဂိုးဒါဇင်ဝက်သွင်း စံချိန်တင်

အာဆင်နယ်နှင့် ဘာမင်ဂမ်တို့ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး အဒီဘာယော ဤသို့ ထိုးဖောက်ကစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

လန်ဒန် ဇန်နဝါရီ ၁၂

ပရီမီယာလိဂ်ပွဲစဉ်(၂၂)ကို ဇန်နဝါရီ ၁၂ ရက်က ဆက်လက်ယှဉ်ပြိုင်တဲ့အခါ အာဆင်နယ်က မမျှော်လင့်ဘဲ ဘာမင်ဂမ်ကို တစ်ဂိုးစီ သရေကျခဲ့သလို လီဗာပူးကလည်း အဝေးကွင်းမှာ မစ်ဒယ်ဘရော့နဲ့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြန်ပါတယ်။ ချယ်လ်ဆီးက စတန်းဖို့ဒ်ဘရစ်မှာ စပါးကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာမို့ နည်းပြ ဂရန့် မျက်နှာပန်းလှသွားခဲ့သလို မန်ယူကလည်း အိမ်ကွင်းမှာ ဂိုးဒါဇင်ဝက်သွင်းပြီး အနိုင်ရခဲ့လို့ မန်ယူပရိသတ်တွေ ပြုံးပန်းလှိုင်စေခဲ့ပါတယ်။

မန်ယူနှင့် နယူးကာဆယ်

အိုးထရက်ဖို့ဒ်မှာ တီဗက်ဇ်နဲ့ ရွန်နေတို့ တိုက်စစ်အတွဲကို စီရိုနယ်ဒို၊ ဂစ်၊ ကာရစ်၊ အန်ဒါဆင်တို့က အုပ်စုဖွဲ့ ထိုးဖောက်ကစားခဲ့ပေမယ့် မန်ယူတို့ ပထမပိုင်းပွဲချိန်မှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။

ဒါပေမယ့် ဒုတိယပိုင်းပွဲချိန်မှာတော့ မန်ယူတို့ ကစားအားတင်ခဲ့လို့ ပွဲချိန် ၄၉မိနစ်မှာ စီရိုနယ်ဒိုက မန်ယူအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အဖွင့်ဂိုးရရှိပြီး မန်ယူတို့ ဆက်တိုက်ဖိကစားခဲ့လို့ ၅၅မိနစ်မှာ တီဗက်ဇ်က တစ်ဂိုး၊ မိနစ် ၇၀မှာ စီရိုနယ်ဒိုက တစ်ဂိုး၊ ၈၅မိနစ်မှာ ဖာဒီနန်က တစ်ဂိုး၊

ထိုးဖောက်ကစား

မန်ယူနှင့် နယူးကာဆယ်တို့ပွဲတွင် မန်ယူ တိုက် စစ် မှူး တီဗက်ဇ် ဂိုးရရှိရေး ဤသို့ ထိုးဖောက် ကစားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

ဖောင်ပိတ်အားကစားသတင်း - မောင်မောင်မြင့်ဆွေ

၈၈မိနစ်မှာ စီရိုနယ်ဒိုကတစ်ဂိုး၊ မိနစ် ၉၀မှာ တီဗက်ဇ်ကတစ်ဂိုး ဆက်တိုက်သွင်းယူခဲ့လို့ မန်ယူတို့ ဂိုးဒါဇင်ဝက်တိတိသွင်းယူကာ ဒီနှစ်မှာတော့ မန်ယူအတွက် ဂိုးအများဆုံး သွင်းယူနိုင်တဲ့ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ဒီပွဲမှာ စီရိုနယ်ဒိုလည်း ခြေစွမ်းပြဂိုးသွင်းနိုင်ခဲ့လို့ ဟက်ထရစ်ရရှိခဲ့တဲ့အပြင် မန်ယူလည်း ဂိုးကွာခြားချက်နဲ့ တန်းစီဇယားထိပ်ဆုံးကို ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အာဆင်နယ်နှင့် ဘာမင်ဂမ်

အာဆင်နယ်အသင်း ပွဲပန်းပြီး လူမစုံဖြစ်နေတာကို ဘာမင်ဂမ်တို့ ကောင်းကောင်းအသုံးချသွားနိုင်ပါတယ်။ ဝေါလ်ကော့ဒ်၊ အီဒူရာဒိုနဲ့ အဒီဘာယောတို့ ဦးဆောင်တဲ့ တိုက်စစ်က ဘာမင်ဂမ် နောက်တန်းကို ၁၆ ကြိမ် ဖြတ်ကျော်ထိုးဖောက်နိုင်ခဲ့ပါတယ်။

အနိုင်ရဖို့အတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တဲ့ အာကြီးတို့ ၂၁မိနစ်မှာ ပယ်နယ်တီပြစ်ဒဏ်ဘော ရရှိခဲ့တယ်။ အဲဒီပြစ်ဒဏ်ဘောကို အဒီဘာယော ကန်သွင်းတာ မဝင်ခဲ့လို့ အာစင်ဝင်းဂါး စိတ်ပျက်သွားခဲ့ပေမယ့် ချက်ချင်းပြန်သွင်းနိုင်ခဲ့လို့ အဖွင့်ဂိုးရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဘာမင်ဂမ်ဟာ အာဆင်နယ်တိုက်စစ်ကို ကြံ့ကြံ့ခံကစားရင်း ပွဲချိန် ၄၈မိနစ်မှာ တိုက်စစ်မှူး အိုကွန်နော်က ချေပဂိုးသွင်းယူနိုင်ခဲ့လို့ တစ်ဂိုးစီ သရေဖြစ်နေခဲ့ပါတယ်။ နှစ်သင်းစလုံး ကစားသမားတွေ အစားထိုးကစားခဲ့ပေမယ့် ရလဒ်ထူးခြားမလာခဲ့တာကြောင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး အာကြီးတို့ အဖိုးတန် ၂မှတ် ဆုံးရှုံးခဲ့ရခြင်း ဖြစ်ပါတယ်။

ချယ်လ်ဆီးနှင့် စပါး

ပီဇာရိုတစ်ဦးတည်းကို တိုက်စစ် အထောင်ထားပြီး ကွင်းလယ်မှာ ဘောလက်၊ ဂျိုကိုးလ်၊ မာခီလီလီ၊ မာလူဒါနဲ့ ရိုက်ဖီးလစ်တို့ငါးဦးထားကာ ပွဲထွက်လာတဲ့ ချယ်လ်ဆီးဟာ ဘာဘာတော့ဗ်နဲ့ ရော်ဘီကိန်းတို့ ဦးဆောင်တဲ့ စပါးကို အပေါ်စီးက ကစားနိုင်ခဲ့ပါတယ်။

အိမ်ကွင်းမှာ ဖိကစားတဲ့ ချယ်လ်ဆီးကို ဘာဘာတော့ဗ်နဲ့ ရော်ဘီကိန်းတို့ ဦးဆောင်တဲ့ တိုက်စစ်မှူးတွေကလည်း မာမာတင်းတင်းတုံ့ပြန်ကစားခဲ့ပေမယ့် ၁၉ မိနစ်မှာ ချယ်လ်ဆီးနောက်ခံလူ ဘယ်လက်တီက အဖွင့်ဂိုးသွင်းပေးနိုင်ခဲ့ပါတယ်။ စပါးတို့က ချေပဂိုးရရှိရေး အကြိတ်အနယ်ကြိုးစားခဲ့ပေမယ့် တိုက်စစ်မှူးတွေရဲ့ ကန်ချက်တွေ အပေါ်ထောင်၊ ဘေးထွက်ဖြစ်ခဲ့တာပါ။ ချယ်လ်ဆီးရဲ့ ချေပဂိုးကိုတော့ မိနစ် ၈၀ မှာ ရိုက်ဖီးလစ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ပွဲပြီးခါနီးမှာတော့ အသစ်ခေါ်ယူထားတဲ့ အနယ်ကာ ဝင်ကစားပေးခဲ့ပါတယ်။

မစ်ဒယ်ဘရော့နှင့် လီဗာပူး

ဘင်နီတက်ဇ်အတွက် အခုပွဲ သရေကျခဲ့လို့ မျက်နှာပျက်စရာ ထပ်ဖြစ်ခဲ့ရပြန်ပါပြီ။ မစ်ဒယ်ဘရော့ ကွင်းလယ်ကစားသမား ဘိုရာတန်က ၂၆ မိနစ်မှာ မစ်ဒယ်ဘရော့တို့အတွက် ခြေမြန်လက်မြန် ဂိုးသွင်းခဲ့လို့ အဖွင့်ဂိုးရရှိခဲ့တယ်။

လီဗာပူးဟာ ဗိုရိုနင်နဲ့ တောရက်စ်တို့ တိုက်စစ်အတွဲနဲ့ ထွက်လာခဲ့ပေမယ့် မစ်ဒယ်ဘရော့တို့ရဲ့ အိမ်ကွင်းကစားမှုဟာ မာကျောတဲ့အတွက် ဘယ်လိုမှ အသာစီးမရပါဘူး၊ လီဗာပူးအတွက် ချေပဂိုးကို ပွဲချိန် ၇၁ မိနစ်မှာ တိုက်စစ်မှူး တောရက်စ်က သွင်းယူပေးခဲ့တာမို့ သရေပွဲဖြစ်အောင် မနည်းကြိုးစားခဲ့ရပါတယ်။

အခြားပွဲရလဒ်များ

ဗီလာ ၃-၁ ရက်ဒင်း
ဒါဘီ ၀-၁ ဝီဂန်
အဲဗာတန် ၁-၀ မန်စီးတီး
ဝက်စ်ဟမ်း ၂-၁ ဖူလ်ဟမ်။

(အင်တာနက်)

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာဘောလုံးကွင်းအတွင်း ဗုံးတစ်လုံးပေါက်ကွဲ ဗုံးခွဲရန်ပြင်ဆင်သူ KNU အကြမ်းဖက်သောင်းကျန်းသူတစ်ဦး သေဆုံး

သောင်းကျန်းသူအမာခံတစ်ဦးအား ဖမ်းဆီးရမိ၊ အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၂

ပဲခူးတိုင်း ဖြူးမြို့နယ် ညောင်ပင်သာကျေးရွာ ဘောလုံးကွင်းအတွင်း ယမန်နေ့ညက ဗုံးတစ်လုံးပေါက်ကွဲပြီး ဗုံးခွဲရန်ပြင်ဆင်သူတစ်ဦးသေဆုံး၍ အပြစ်မဲ့ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိကာ သောင်းကျန်းသူအမာခံတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသည့် ဗုံးဖောက်ခွဲရန် ပြင်ဆင်သူ KNU အကြမ်းဖက် သောင်းကျန်းသူ တပ်မဟာ(၃) ရင်း(၈)မှ ဆက်ကြေးတာဝန်ခံ တပ်ကြပ် အဆင့်ရှိ စောဒီသောမူးအား တွေ့ရစဉ်။ (သတင်းစဉ်)

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မစန်းယုမော် အသက်(၃၀) (ဘယ်ပေါင် ယမ်းစဝင်)၊ (မစိုးရိမ်ရ)

မင်းထိုက်သာ(၄)နှစ် (ညာချိုစောင်း အစမှန်)၊ (မစိုးရိမ်ရ)

မနွဲ့နွဲ့ဝင်း (၂၆)နှစ် (ကျော အစမှန်)၊ (မစိုးရိမ်ရ)

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏား (ကုန်းချောသွေးထိုးသူ) များ မယုံလေနဲ့ သတိထား